ကြေးမုံ
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက် (ဗုဒ္ဓဟူးနေ့)

၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက်

# ပြည်ထောင်စုနေ့

အထူးထုတ်



# ၇၈ နှစ်မြောက်

# ပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါ၏။

# သာစွဗျာနေ တို့ပြည်ထောင်စုမြေ

သတင်းသမားတစ်ဦး



၁၅-၁-၂၀၂၅ ရက်နေ့က ကယားပြည်နယ် လွိုင်ကော်မြို့၌ ကျင်းပသည့် (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် ကယားရိုးရာစပါးထောင်းပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နေကြသူများကို တွေ့ရစဉ်။

စာရှုသူမိတ်ဆွေ ...

ပြည်ထောင်စု၏ နယ်မြေဒေသ အတော်များများ သင်ရောက်ဖူးပါသလား။ ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ဧရိယာစတုရန်းမိုင်ပေါင်း ၂၆၁၂၂၈စတုရန်းမိုင် ကျယ်ဝန်းသည်။ အင်ဒိုချိုင်းနီးရှားနိုင်ငံပြီးလျှင် ဒေသတွင်း ဒုတိယအကြီးဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခုတို့ဖြင့် ဖွဲ့စည်းထားသည်။ ပြည်ထောင်စုနယ်မြေ ဒေသအသီးသီး တိုင်းလိုပင် အလှတရားကိုယ်စီရှိကြသည်။

မွန်ပြည်နယ်၏ အထင်ကရ ကျိုက်ထီးရိုးစေတီတော်မြတ်ကို ငယ်စဉ်ကတည်းက သွားရောက်ဖူးမြော်ခဲ့ဖူးသော်လည်း ကရင်ပြည်နယ်၏ သာစွဗျာနေ ဖွဲကပင်မြေသို့မူ ၁၉၉၀ ပြည့်လွန်နှစ်များမှ ပထမဦးဆုံး သွားရောက်ခဲ့ဖူးသည်။ မိဘများနှင့်အတူ သာမညဆရာတော်ကြီးကို သွားရောက်ဖူးမြော်ခဲ့ကြခြင်းဖြစ်သည်။ ထိုစဉ်က ကရင်ပြည်နယ်တစ်ဝန်း မငြိမ်းချမ်းသေးသော ကာလဖြစ်၍ လမ်းတစ်လျှောက် တပ်စခန်းဂိတ်များ၊ ကတုတ် ဘန်ကာများစွာ တွေ့ရသည်။ ရန်ကုန်မှာမွေး၊ ရန်ကုန်မှာကြီးပြင်းလာခဲ့သူ ကျွန်တော့်အဖို့ အထူးအဆန်းမြင်ကွင်းများဖြစ်သလို ကြီးလန့်စာစားလည်း ဖြစ်ရပါသည်။

ထိုစဉ်က သံလွင်မြစ်ကူးတံတား (ဘားအံ)မရှိသေး၍ ကျွန်တော်တို့မိသားစုသည် ဘားအံတစ်ဖက်ကမ်း မြိုင်ကလေးရွာမှ ဇက်ရေယာဉ်ဖြင့် သံလွင်မြစ်ကြီးကို ကူးဖြတ်ခဲ့ကြရသည်။ ၁၉၉၈ ခုနှစ်တွင် နိုင်ငံတော်က သံလွင်မြစ်ကူးတံတား (ဘားအံ)ကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့၍ ခရီးသွားပြည်သူများသည် သံလွင်မြစ်ကြီးကို ဇက်ရေယာဉ်၊ စက်လှေ၊ ပဲ့ချိတ်၊ သမ္ဗန်တို့ဖြင့် ကူးဖြတ်ရန်မလိုတော့ဘဲ မိနစ်ပိုင်းအတွင်း ကရင်ပြည်နယ်၏ မြို့တော် ဘားအံမြို့သို့ လွယ်လင့်တကူ သွားရောက်နိုင်ပြီဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့လာသဖြင့် ခရီးသွားပြည်သူများသာမက ဒေသခံပြည်သူများပါ စိတ်နှလုံးချမ်းမြေ့ကြရသည်။ ထို့အတူ သံလွင်မြစ်ကူးတံတား(မော်လမြိုင်)ကို နိုင်ငံတော်က ထပ်မံတည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြန်သဖြင့် မုတ္တမမြို့နှင့် မွန်ပြည်နယ်၏မြို့တော် မော်လမြိုင်မြို့တို့သည် ကြားခံရေလမ်းခရီးကို အသုံးမပြုရတော့ဘဲ တစ်ဆက်တစ်စပ်တည်း ဖြစ်လာခဲ့သည်။

နောက်ပိုင်းကာလများတွင် ကျွန်တော်သည် လုပ်ငန်းတာဝန်များဖြင့် သံလွင်မြစ်ကူးတံတား(ဘားအံ)နှင့် သံလွင်မြစ်ကူးတံတား(မော်လမြိုင်)တို့ပေါ်မှ တစ်ဆင့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်သို့ အကြိမ်ကြိမ်အခါခါ သွားရောက်ခဲ့ပါသည်။ အထူးသဖြင့် ကရင်ပြည်နယ်တစ်လွှားနေရာအတော်များများ ရောက်ဖြစ်ခဲ့သည်။

ထိုစဉ်က တပ်မတော်အစိုးရနှင့် KNU အဖွဲ့ဥက္ကဋ္ဌ ဦးစောဘိုမြ ဦးဆောင်သော တိုင်းရင်းသားခေါင်းဆောင်တို့ အပစ်အခတ်ရပ်စဲရေး သဘောတူပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပူးပေါင်းဆောင်ရွက်နေချိန်ဖြစ်၍ ကော့ကရိတ်၊ မြဝတီ၊ ထို့ကော့ကိုး၊ ကျုံဒိုး၊ ရွှေဂွန်း၊ မြိုင်ကြီးငူ စသည့် မြို့ရွာအတော်များများကို အေးချမ်းလုံခြုံစွာ နေ့နေ့ညည အချိန်မရွေး သွားလာနိုင်ခဲ့ပါသည်။

ကျွန်တော်တို့လို ခဏတစ်ဖြုတ်၊ ဖြတ်သွားဖြတ်လာ အာဂန္တုခရီးသွားများပင် ငြိမ်းချမ်းရေး၏ အသီးအပွင့်ကို ထိုသို့ ခံစားခဲ့ကြရသည်ဆိုပါမူ ဒေသခံ ကရင်တိုင်းရင်းသားပြည်သူများအဖို့ အဘယ်မျှ ဝမ်းမြောက်ပီတိ ဖြစ်ကြရမည်ကို ပြေးမကြည့်ဘဲ တွေးကြည့်ရုံဖြင့် သိသာနိုင်ပေသည်။

ကရင်တိုင်းရင်းသားများသည် ပင်ကိုသဘာဝအရ အလွန်ရိုးသားဖြူစင်ကြသူများဖြစ်ကြပါသည်။ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းများကို ဘိုးဘွားဘီဘင် အစဉ်အဆက်ထိန်းသိမ်းခဲ့ကြပြီး ဇာတိချက်ကြွေမွေးရပ်မြေကို အလွန်တွယ်တာ မြတ်နိုးကြသော တိုင်းရင်းသားများဖြစ်သည်။ အချို့ဆိုလျှင် လမ်းပန်းဆက်သွယ်ရေး မည်မျှကောင်းမွန်လာသည်ဆိုငြား ရန်ကုန်မြို့သို့ပင် ရောက်ခဲ့ဖူးခြင်းမရှိကြောင်း စကားစမြည်ပြောဆိုရင်း သိခဲ့ရသည်။ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသမှာပင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ရင်း ဘဝကို အေးချမ်းစွာ ရှင်သန်ဖြတ်သန်းလိုကြသူများ ဖြစ်ပါသည်။

ကရင်ပြည်နယ်တစ်ဝန်းလုံးမှာလည်း ငြိမ်းချမ်းရေးရောင်ခြည်များ ထွန်းလင်းတောက်ပ ဝေဖြာလာသည်နှင့်အမျှ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အပါအဝင် လူမှုစီးပွားဘဝမှာလည်း ယခင်ထက်များစွာ တိုးတက်လာခဲ့သည်။ ထာဝရငြိမ်းချမ်းရေးရရှိပါက ရေသယံဇာတ၊ မြေသယံဇာတ၊ ရေအရင်းအမြစ်၊ မြေအရင်းအမြစ်ကုံလုံကြွယ်ဝသော ကရင်ပြည်နယ်သည် အဆပေါင်းမြောက်မြားစွာ ဖွံ့ဖြိုးတိုးတက်လာမည်မှာ ဧကန်ပင်။

မေခနှင့် မလိခမြစ်တို့ ပေါင်းဆုံရာ၊ မြစ်မင်းဧရာဝတီမြစ်ကြီး စတင်စီးဆင်းရာ ကချင်ပြည်နယ်သို့လည်း ကျွန်တော် အကြိမ်ကြိမ်ရောက်ခဲ့ဖူးပါသည်။ တစ်နှစ်ပတ်လုံး ဆီးနှင်းများ ဖုံးအုပ်လျက်ရှိသည့်

အထူးကဏ္ဍ [ ၈ ] သို့ »»



ကရင်ပြည်နယ်၏ အထင်ကရနေရာတစ်ခုဖြစ်သည့် ဖွဲကပင်တောင် ရှုခင်းအလှကို တွေ့ရစဉ်။ ဓာတ်ပုံ – www.novo-monde.com



၁၀-၁-၂၀၂၅ ရက်နေ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်ရှိ မနောကွင်း၌ ကျင်းပသည့် (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် မနောအကဖြင့် တပျော်တပါး စုပေါင်းဆင်နွှဲကြစဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

ရေခဲတောင်များ၊ အင်းတော်ကြီးအိုင်၊ မြစ်ဆုံတို့၏ သာယာလှပမှုကလည်း ပြည်နယ်၏ ထင်ရှားသော သဘာဝ အလှတရားများပင်ဖြစ်သည်။

ထူးခြားလှပသော သဘာဝအလှအပများနှင့်အတူ ပြည်နယ်အတွင်း ဂျိန်းဖော၊ လရှီ၊ လီဆူး၊ ရဝမ်၊ ဒူးလန်း စသည့် ကချင်မျိုးနွယ်စုများနှင့်အတူ တိုင်းလုံ၊ တိုင်းလွယ်၊ မောရှမ်းစသည့် ရှမ်းမျိုးနွယ်စုများ၊ ဗမာတိုင်းရင်းသားများအပြင် အခြားတိုင်းရင်းသား မျိုးနွယ်စုများ အပါအဝင် လူဦးရေ ၁၅ သိန်းကျော် အတူတကွ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လျက်ရှိသည့် ပြည်နယ်တစ်ခု ဖြစ်ပေသည်။

၂၀၀၄ ခုနှစ်ခန့်က မြစ်ကြီးနား-မိုးကောင်း-မိုးညှင်း၊ ဟိုပင်၊ ကောလင်း-ဝန်းသို-ရွှေဘိုသို့ တစ်ပတ်ကြာ သွားရောက်ခဲ့ဖူးသည်။ သဘာဝရှုမျှော်ခင်းများ၊ လမ်းဘေးဝဲယာတစ်လျှောက် မှိုင်းညို့ အုပ်ဆိုင်းနေသော ကျွန်းတောကြီးများဖြင့် ရှုမငြီးနိုင်စရာ သာယာလှပလွန်းလှသည်။ ဟူးကောင်းချိုင့်ဝှမ်းဒေသ တနိုင်းမှ တစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဖြစ်သည့် နန်းယွန်း၊ ထိုမှ ပန်ဆောင်မြို့သို့ ရောက်ပြန်တော့လည်း နွေခေါင်ခေါင်ပင် မိုးစက်မိုးပေါက်များ ရွာသွန်းဖြိုးပြီး မှုန်ရီမှိုင်းဝေလျက်ရှိသည်။ လမ်းပန်းဆက်သွယ်မှုခက်ခဲ၍ ငြိမ်းချမ်းသော ကာလမှာပင် ဒေသခံပြည်သူအချို့မှာ ဖွံ့ဖြိုးတိုးတက်မှုနှင့် အလှမ်းကွာဝေးနေဆဲဖြစ်ပါသည်။




၇-၂-၂၀၂၄ ရက်နေ့က ရှမ်းပြည်နယ် တာချီလိတ်မြို့၌ကျင်းပသည့် (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားတွင် ရှမ်းတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက ရိုးရာအဆိုအကများဖြင့် ဂုဏ်ပြုတင်ဆက်စဉ်။

ထို့အတူ ကချင်ပြည်နယ်သည်လည်း ငြိမ်းချမ်းစဉ်ကာလမှာပင် ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်စရာတွေ တစ်ပုံတစ်ပင် ကျန်ရှိနေပါသေးသည်။ အမှန်တကယ်အားဖြင့် ကချင်ပြည်နယ်သည် သဘာဝက ဖန်တီးပေးထားသည့် ရေခံ၊ မြေခံနှင့် သဘာဝအရင်းအမြစ်များကို လက်တွေ့အသုံးချ၍ ပြည်နယ်၏ စီးပွားရေးကဏ္ဍ မြင့်တက်လာနိုင်ရန် ဖော်ဆောင်နိုင်မည့် အခြေခံကောင်းများနှင့် ပြည့်စုံလျက်ရှိပါသည်။ ဒေသထွက် ကုန်ကြမ်းများမှတစ်ဆင့် ကုန်ချောအဆင့်သို့ ရောက်ရှိအောင် ဆောင်ရွက်ခြင်းဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

မံဆောင်တံတား ဖွင့်ပွဲတွင် ချင်းတိုင်းရင်းသားပြည်သူများ၏ ဝမ်းသာပီတိအပြုံးမျက်နှာများကလည်း ယခုတိုင် မမေ့နိုင်ပါပေ။ ချင်းပြည်နယ်သည် ယခင်က လမ်းပန်းဆက်သွယ်မှု ခက်ခဲလှသည်နှင့်အမျှ မြေပြန့်မှ လူသူအရောက်အပေါက်နည်းလှသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနည်းပါးကာ ပင်ကိုပြကတေ့ သဘာဝအလှအပများကို ရှုမြင်ခံစားနိုင်သည်။ တောင်ဇလပ်ပန်းများနှင့် ချယ်ရီပန်းများသည် ပြည်နယ်၏ အလှကို ပို၍ပနံတင့်အောင် အလှဆင်ဖော်ကျူးလျက်ရှိပေသည်။

ဖလမ်း၊ တီးတိန်၊ ဟားခါးခရီးစဉ်က တိုတောင်းလှသော်လည်း ချင်းတိုင်းရင်းသားတို့၏ ပီဘိရိုးသားဖြူစင်မှုကို ကျွန်တော် သိမြင်ခံစားခဲ့ရပါသည်။ အင်မတန်မှ ညှော့ဝတ်ကျေပွန်ကြသည်။ သူတို့ညှော့ခံတိုက်ကျွေးသော ခေါင်ရည် ချိုမြမြ၊ နွားနောက်နှင့် ကြက်သားကြော်တို့က ခံတွင်းမြိန်လှသည်။ ခမ်းနားထည်ဝါလှပသော ခရစ်ယာန်ဘုရားရှိခိုးကျောင်းများက ချင်းတိုင်းရင်းသားတို့၏ ဘာသာတရားနှင့် မွေ့လျော်မှုကို ထင်ဟပ်စေပါသည်။

**“မနောကြည်မျှစရာ၊**
**လောပိတအမည်တွင်ကာ**
**ရေတံခွန်အဆင့်ဆင့်၊**
**ထူးတင့်ကျက်သရေဖြာ**
**သာယာတင့်ဆန်း၊ ရေမျှင်တန်းများ**
**စီးကျသွယ်သွယ်ဖြာ၊ ရှုမငြီးနိုင်စရာ**
**ကယား ကယားတို့ ပြည်နယ်ပါ”**

ဟူသည့် တစ်ခေတ်တစ်ခါက ကန္တာရဝတီသီချင်းကဲ့သို့ပင် ကယားတို့ဌာနီ ကန္တာရဝတီ ငွေတောင်ပြည်သည်လည်း သဘာဝ အလှအပများဖြင့် ရှုမငြီးနိုင်စရာပါပေ။

နယ်မြေဒေသ မအေးချမ်းခဲ့စဉ်အခါက ကယားတိုင်းရင်းသားပြည်သူများသည်လည်း တိုက်ပွဲရှောင်ရင်း နေရပ်စွန့်ခွာမှုများရှိခဲ့ကြသည်။ ဒုက္ခသည်စခန်းများရှိ ပဒေါင်တိုင်းရင်းသားများကို တစ်ဖက်နိုင်ငံက LONG NECK VILLAGE (လည်ပင်းရှည်တို့ရွာ)ဟူ၍ပင်အမည်တပ်ကာ သူတို့လူမျိုးမျိုးနွယ်စုအသွင် ကမ္ဘာလှည့်ခရီးသည်များကိုဖိတ်ခေါ်၍ ပြသနေကြသည်။

ပဒေါင်တိုင်းရင်းသားတို့သည် ကယားပြည်နယ် အနောက်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေထိုင်ကြပြီး လည်ပင်းနှင့် ခြေထောက်တို့တွင် ကြေးကွင်းများ ဝတ်ဆင်လေ့ရှိကြသည်။ ပဒေါင်တို့သည် ပျော်ပျော်ရွှင်ရွှင်နေတတ်သည်။ အလုပ်ကို အပင်ပန်းခံ၍ လုပ်နိုင်ကြသည်။ တောင်ယာလုပ်ငန်းကို မညည်းမညူလုပ်ကြသည်။ ကုန်ရောင်းကုန်ဝယ် အလုပ်လည်း လုပ်ကိုင်တတ်ကြသည်။

အထူးကဏ္ဍ [ ဃ ] သို့ »»»



နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ (၁၆-၁-၂၀၂၅)ရက်နေ့က ကျင်းပသည့် ၂၀၂၅ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် နာဂရိုးရာယဉ်ကျေးမှု မီးပုံပွဲတွင် နာဂရိုးရာမျိုးနွယ်စုများအလိုက် ရိုးရာအကများဖြင့် ကပြဖျော်ဖြေစဉ်။

»» အထူးကဏ္ဍ [ ၈ ] မှ

အမဲလိုက်လည်း ဝါသနာထုံသည်။ ပတ်ဝန်းကျင်ရှိ တောင်ပေါ်သားတို့တွင် ပဒေါင်တို့သည် အလုပ်အကိုင်၌ အတော်ဆုံး၊ အကောင်းဆုံး ဖြစ်သည်ဟု ချီးကျူးခံရသည်။

ကန္တာရဝတီ ငွေတောင်ပြည်သို့ ကျွန်တော်သွားရောက်ခဲ့စဉ်က ပြည်နယ်တစ်ဝန်း ငြိမ်းချမ်းရေးရောင်ခြည်များ ထွန်းလင်းဝေဖြာနေပြီဖြစ်သည်။ လိန်းလီ တံတားကြီးလည်း တည်ဆောက်ဖွင့်လှစ်နိုင်ပြီဖြစ်၍ နေပြည်တော်မှ လွိုင်ကော်မြို့သို့ အချိန်တိုအတွင်း ဘေးမသန်းဘဲ အေးချမ်းစွာရောက်ရှိခဲ့ပါသည်။

ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမှ ဟိုပုန်း၊ မိုင်းပွန်၊ လွိုင်လင်၊ နမ့်စန်၊ မိုးနဲ၊ မောက်မယ်၊ ဆီဆိုင် စသည့် မြို့များ၊ ရှမ်းအရှေ့ ကျိုင်းတုံ၊ မိုင်းခတ်ခရီးစဉ်များကလည်း ဘဝတစ်သက်တာတွင် အမှတ်ရစရာပင်။ ထို့ပြင် ပအိုဝ်းနီအဖွဲ့ ခေါင်းဆောင် ဦးတာကလယ် ဦးဆောင်သော ရလလဖ(ရှမ်းပြည်နယ် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့)မှာလည်း ဥပဒေဘောင်အတွင်းဝင်ရောက်လာခဲ့ပြီဖြစ်၍ ပအိုဝ်းဒေသတစ်ခုလုံး ငြိမ်းချမ်းသာယာလျက်ရှိသည်။ သို့နှင့်အမျှ ရှမ်း၊ ကယားအစပ် ကဒူးကြီး၊ ကဒူးလေး သို့လည်း ခရီးသွားခွင့်ကြုံကြိုက်ခဲ့ပါသည်။

ထို့အတူ ဦးခွန်ဆာခေါင်းဆောင်သော ရှမ်းပြည်တပ်မတော်ကလည်း အပြီးအပိုင် လက်နက်စွန့်လွှတ်ခဲ့ပြန်၍ တစ်ချိန်က ဦးခွန်ဆာ၏ ဌာနချုပ်ဖြစ်သော ဟိုမိန်းမြို့သို့ပင် ခရီးဆန့်နိုင်ခဲ့ပါသည်။ နိုင်ငံတော်က ဟိုမိန်းဒေသတွင်တောင်ယာစိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စက်မှု










ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာ ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက် နှင့် ၁၄ ရက်တို့တွင် အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် ပျက်စီးနေမှုများကို တွေ့ရစဉ်။

လယ်ယာဦးစီးဌာနမှ ထွန်စက်ကြီးများ ပေးပို့၍ ထွန်ယက်ပေးခဲ့သလို လိုအပ်သည့် ဌာနဆိုင်ရာရုံးများကိုလည်း ဝန်ထမ်းများနှင့်တွဲဖက်၍ ဖွင့်လှစ်ပေးခဲ့ပါသည်။ ငြိမ်းချမ်းရေး အထိမ်းအမှတ်အဖြစ် တည်ထားကိုးကွယ်ထားသည့် ပြည်ငြိမ်းအေးစေတီတော်ကိုလည်း ဖူးမြော်ခဲ့ရပါသည်။

နိုင်ငံတော်က တည်ဆောက်ပေးခဲ့သော မြစ်ကူးချောင်းကူးတံတားကြီးများ၊ ရန်ကုန်- စစ်တွေလမ်းမကြီးတို့၏ အကျိုးကျေးဇူးကြောင့် ရခိုင်ပြည်နယ်သို့လည်း အိမ်ဦးနှင့် ကြမ်းပြင်ပမာ အကြိမ်ကြိမ်၊ အခေါက်ခေါက် သွားလာခဲ့ဖူးပါသည်။ စစ်တွေမြို့တော်သာမက ဘူးသီးတောင်- မောင်တောအနှံ့ ရောက်ခဲ့ဖူးသည်။ ကျောက်တော်မြို့ရှိ မဟာမြတ်မုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မြောက်ဦး ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေမှ သျှစ်သောင်းပုထိုးတော်ကြီး၊ ကိုးသောင်းပုထိုးတော်ကြီးအပါအဝင် ရှေးဟောင်းစေတီပုထိုးများကို ဖူးမြော်ကြည်ညိုရသည်မှာလည်း စိတ်ကြည်နူး ဘဝင်အေးစရာပင်။

ရခိုင်ပြည်နယ်သည် ရေသယံဇာတ၊ မြေသယံဇာတများနှင့် သဘာဝသယံဇာတများ ကုံလုံကြွယ်ဝသည့်အပြင် အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသဖြင့် နယ်စပ်ကုန်သွယ်ရေးတွင်လည်း အချက်အချာကျသော ပြည်နယ်တစ်ခုဖြစ်ပါသည်။ သို့သော် တစ်ဖက်တွင်လည်း သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည့် မုန်တိုင်းများ မကြာခဏဝင်ရောက်တိုက်ခတ်လေ့ရှိရာ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် မေလအတွင်းက အင်အားအလွန်ပြင်းထန်သည့် မိုခါဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပါသည်။ နိုင်ငံတော်က မုန်တိုင်းတိုက်ခတ်ပြီး နောက်တစ်ရက်မှာပင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရသည်။ ဤသည်က အေးအတူပူအမျှ အတူတကွ မျှဝေခံစားရသော ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပေသည်။

မြိတ်၊ ထားဝယ်၊ ကော့သောင်း ခရီးစဉ်တို့ကမူ ပင်လယ်၏ရနံ့ကို အပြည့်အဝနမ်းရှိုက်ခွင့်ရသော ခရီးစဉ်တစ်ခုပါပေ။ ကဏန်းပျော့မွေးမြူရေး လုပ်ငန်းများ၊ ရေလုပ်ငန်းများ၊ သဘာဝခရီးသွားလုပ်ငန်းများဖြင့် ရေခံမြေခံ ကောင်းမွန်သော တနင်္သာရီတိုင်းဒေသကြီးသည် ရှိရင်းစွဲမူလအခြေအနေထက် အဆများစွာ တိုးတက်ကြီးပွားနိုင်မည့် အခွင့်အလမ်းကောင်းများကို ပိုင်ဆိုင်ထားပါသည်။

ထားဝယ်စီးပွားရေးဇုန် ပီပီပြင်ပြင် ဖြစ်ထွန်း အောင်မြင်လာသည်နှင့်အမျှ ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ၊ လူမှုစီးပွားအကျိုးရလဒ်များကို ရရှိခံစားနိုင်ရုံမက နိုင်ငံတော်အတွက်ပါ အကျိုးရလဒ်များစွာ ရရှိနိုင်မည်ဖြစ်ပေသည်။ သို့ရာတွင် တစ်ဖက်တွင်လည်း ထားဝယ်စီးပွားရေးဇုန်နှင့် ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုအပေါ် အခက်အခဲများလည်း ရှိနေပါသေးသည်။

မျက်မှောက်ကာလ တွင်လည်း ပြည်တွင်း၊ ပြည်ပ အဖျက်သမားများသည် မြန်မာ့နိုင်ငံရေး အပြောင်းအလဲအပေါ် အခွင့်ကောင်းယူ၍ နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်ကို တစ်ကျော့ပြန် ပြန်လည်ဖန်တီးလာခဲ့ကြရာ ယခင်က တည်ငြိမ်အေးချမ်းပြီး ငြိမ်းချမ်းသာယာခဲ့သော ဒေသအချို့သည် လက်နက်ကိုင်ပဋိပက္ခများကြောင့် တည်ငြိမ်အေးချမ်းမှုများပျက်ပြားကာ နိုင်ငံတော်က ဒေသဖွံ့ဖြိုးရေးအတွက် အနှစ်နှစ်အလလက တည်ဆောက်ပေးခဲ့သော နိုင်ငံပိုင်အခြေခံအဆောက်အအုံများသာမက တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များလည်း ပျက်စီးဆုံးရှုံးခဲ့ရပြန်လေသည်။

> **ပြည်ထောင်စု၏ အလှတရားသည် ငြိမ်းချမ်းမှုအပေါ် တည်မှီပါသည်။ ငြိမ်းချမ်းမှ သာယာမည်။ သာယာမှ ဝပြောမည်။ သာယာဝပြောမှ ဖွံ့ဖြိုးစည်ပင်လာမည် ဖြစ်ပါသည်။ လက်ရှိကာလတွင် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အလိုအပ်ဆုံးအရာကား ထာဝရငြိမ်းချမ်းရေးပင်ဖြစ်**

ချစ်စွာသော စာရှုသူမိတ်ဆွေ ...

ပြည်ထောင်စု၏ အလှတရားသည် ငြိမ်းချမ်းမှုအပေါ်တည်မှီပါသည်။ ငြိမ်းချမ်းမှ သာယာမည်။ သာယာမှ ဝပြောမည်။ သာယာဝပြောမှ ဖွံ့ဖြိုးစည်ပင်လာမည်ဖြစ်ပါသည်။ လက်ရှိကာလတွင် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အလိုအပ်ဆုံးအရာကား ထာဝရငြိမ်းချမ်းရေးပင်ဖြစ်ပါသည်။

ဆရာကြီးဒဂုန်တာရာက **“ခရီးသွားမှတ်တမ်း၌ ဒေသကိုသာမဟုတ်၊ စာရေးသူ၏ ရုပ်ပုံလွှာကိုပါ မြင်တွေ့ရလေသည်။ သူ၏ ရင်ခုန်သံကိုကြားရလေသည်”**ဟု ဆိုခဲ့ပါသည်။ ပြည်ထောင်စုနယ်မြေအတော်များများသို့ ခရီးသွားလာခဲ့စဉ်က ကျွန်တော်၏ရင်ခုန်သံမှာမူ ပြည်ထောင်စုကို ချစ်သော၊ ပြည်ထောင်စုဖွားတိုင်းရင်းသားများကို လေးစားမြတ်နိုးသော ရင်ခုန်သံများဟု ဆိုရပါမည်။ အခါအခွင့်သင့်လျှင် ပြည်ထောင်စုနယ်မြေတစ်လွှား ခရီးသွားချင်ပါသေးသည်။ ။



လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် နိုင်ငံတော်က ရထားလမ်းများ တည်ဆောက်ပေးထားသော်လည်း ၁၄-၁၂-၂၀၂၄ ရက်နေ့က ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းရှိ တော်ဝိနှင့် ပိန်းဇလုပ်ဘူတာကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲမှုကြောင့် ရထားလမ်းများ ဤသို့ပျက်စီးခဲ့ရသည်။

# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်း တရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)


၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 12 February 2025 ၁၁၇၃၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဗြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

ယနေ့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သည့် ( ၇၈ )နှစ်မြောက် ပြည်ထောင်စုနေ့ မင်္ဂလာအခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ချစ်ကြည်ရင်းနှီးစွာ အတူလက်တွဲနေထိုင်ကြသော သွေးချင်းသားချင်း ညီအစ်ကိုမောင်နှမအားလုံး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✩



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြား

### အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများ ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ခန်းမဆောင်၌ တွေ့ဆုံအမှာစကားပြောကြားပြီး အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများ ပေးအပ်သည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

# နိုင်ငံတော်အစွန့်ရှည်တည်တံ့ခိုင်မြဲရေး စည်းလုံးညီညွတ်မှုဖြင့် ဘက်စုံတည်ဆောက်

မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ သွေးစည်းညီညွတ်မှုသည် အသက်တမျှအရေးကြီးသည်။ စည်းလုံးညီညွတ်မှု၏ သက်သေပြယုဂ်အဖြစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရေးအတွက် အရေးပါသည့် ပင်လုံစာချုပ်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် သက်သေထူခဲ့ပြီးဖြစ်သည်။ ယနေ့အချိန်အခါသည် တိုင်းရင်းသားပြည်သူအားလုံး၏ စည်းလုံးညီညွတ်မှုကို သက်သေထူပြခဲ့သည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နေ့ထူးအခါဖြစ်သည်။

စည်းလုံးညီညွတ်မှုဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အသက်သွေးချွေးပေါင်းများစွာရင်းကာ ခက်ခဲကြမ်းတမ်းမှုများဖြင့် ရယူထားရသည်။ နိုင်ငံကို အသက်သွေးချွေးပေါင်းများစွာ၊ ကြမ်းတမ်းမှုအဖုံဖုံဖြင့် ဆက်လက်ကာကွယ်စောင့်ရှောက်နေရသည်။ အတိတ်တစ်ချိန်က နယ်ချဲ့ဖြိတ်သျှတို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် စိတ်ဝမ်းကွဲပြားကာ အဖြစ်ဆိုးများကြုံခဲ့ရပြီးဖြစ်သည်။ မျက်မှောက်ကာလတွင် ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ စနက်ကြောင့် တိုင်းရင်းသားပြည်သူအချင်းချင်း စိတ်ဝမ်းကွဲပြားခဲ့ကြသည်။ အကျိုးဆက်အနေဖြင့် လက်နက်ကိုင်အကြမ်းဖက်မှုများအထိ ဖန်တီးပြီး တိုင်းပြည်ပြိုကွဲပျက်စီးအောင် ပြုလုပ်နေသည်။

လက်နက်ကိုင်ပဋိပက္ခများရှိသည့် နယ်မြေဒေသများမှ ဒေသခံများအနေဖြင့် နိုင်ငံနှင့်ပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်စေသည့် အကြမ်းဖက်မှုများနှင့် တိုက်ခိုက်မှုများဒဏ်ကို ပြင်းထန်စွာခံစားနေရသည်။ ဒေသခံပြည်သူများအနေဖြင့် အကြမ်းဖက်မှုများနှင့် တိုက်ခိုက်မှုများကို မုန်းတီးနာကြည်းနေကြသည်။ ဒေသများပျက်သုဉ်းအောင် တိုက်ခိုက်မှုများကို ထိုဒေသခံများကပင် လုပ်ဆောင်နေကြခြင်းဖြစ်သည်။ ထို့ကြောင့် မိမိတို့၏ဒေသ မိမိတို့၏ တိုင်းရင်းသားညီအစ်ကိုမောင်နှမ မိသားစုများ လူမှုဘဝအေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံစိတ်ချစွာ နေထိုင်နိုင်ရေးတို့ကို များစွာတောင့်တလျက်ရှိသည့် ပြည်သူအားလုံး၏ဆန္ဒကို အလေးအနက်ထား စဉ်းစားပေးကြရန် မေတ္တာရပ်ခံပါသည်။

တိုင်းရင်းသားဒေသများမှ လက်နက်ကိုင်များအနေဖြင့် ကိုယ့်ဆန္ဒနှင့် ကိုယ့်အကျိုးစီးပွားထက် မိမိတို့အားလုံး မှီတင်းနေထိုင်သည့် ပြည်ထောင်စုကြီးနှင့် တိုင်းရင်းသားပြည်သူများအားလုံး၏ ဖြစ်သင့်ဖြစ်ထိုက်သည့် အကျိုးစီးပွားကို စိတ်ရင်းစေတနာမှန်ဖြင့် ရှုမြင်သုံးသပ်ကာ ပြည်ထောင်စုကြီးငြိမ်းချမ်းရေးကို ရှေးရှုတွေးမြင် လုပ်ဆောင်ကြရန်လိုအပ်သည်။ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ထားသည့် အခြေခံအဆောက်အအုံများနှင့် လူသားအရင်းအမြစ်များ ပျက်စီးဆုံးရှုံးခြင်းသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ ဆုံးရှုံးမှုကြီးပင်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူများအကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းကာ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ဖော်ဆောင်ပေးလိုသည့် စိတ်ရင်းစေတနာသာရှိသည်။ နိုင်ငံတော်ကို ထာဝရတာဝန်ယူထားခြင်းမဟုတ်ပေ။ အများပြည်သူတို့၏ဆန္ဒ၊ ဒီမိုကရေစီနည်းလမ်းတကျ အများပြည်သူ ရွေးချယ်တင်မြှောက်သော အစိုးရတစ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စနစ်တကျလွှဲပြောင်းပေးရေးကို မျက်ခြည်မပြတ် အလေးထားဆောင်ရွက်နေသည်မှာ သိသာထင်ရှားသည့် ရည်ရွယ်ချက်ဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် လွှတ်တော်စင်မြင့်၌ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာနိုင်သည်။ တိုင်းရင်းသားများအရေး၊ ဒေသအရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို နည်းလမ်းစနစ်တကျ ဆွေးနွေးတိုင်ပင် ဆောင်ရွက်နိုင် သည်။ ယင်းတို့သည် မတူကွဲပြားသည့် စည်းလုံးညီညွတ်မှုပင်ဖြစ်သည်။

စည်းလုံးညီညွတ်မှုသည် နိုင်ငံတည်တံ့ခိုင်မြဲရေး၊ တိုးတက်ရေးအတွက် ကြီးမားသော မောင်းနှင်အားဖြစ်သည်။ တိုင်းပြည်တစ်ပြည် ကောင်းစွာရှင်သန်ရပ်တည်နေနိုင်ရန် ထိုတိုင်းပြည်တွင် နေထိုင်ကြသူပြည်သူအားလုံး ခုခံကာကွယ်နိုင်မှုအားနှင့် လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းများကို အစဉ်မြှင့်တင်နေကြရမည်ဖြစ်သည်။ နိုင်ငံရပ်တည်ရှင်သန်နိုင်ရေးကို ပြည်သူအားလုံး၏ ကိုယ်စွမ်းကိုယ်စဖြင့် စွမ်းဆောင်ရမည်ဖြစ်ပြီး နိုင်ငံတော်၏အချုပ်အခြာအာဏာ အားနည်းပြီး သူတစ်ပါးလက်အောက်ခံနိုင်ငံဘဝသို့ ကျရောက်မည်ကို သတိမူရမည်ဖြစ်သည်။ ငွေကြေးခနအင်အားသာလွန်သည်ကို အထင်ကြီးပြီး နိုင်ငံသားအချင်းချင်း စိတ်ဝမ်းကွဲကြမည်ဆိုလျှင် မိမိတို့သာ ကြေပြုန်းပျက်စီးနိုင်သည်ကို မျက်မှောက်ကာလ ပြိုကွဲသွားသော နိုင်ငံများကို သက်သေယူနိုင်သည်။

သို့ဖြစ်ရာ အနှောင်အဖွဲ့ကင်းသည့် လွတ်လပ်သောနိုင်ငံအဖြစ် တည်တံ့ခိုင်မြဲစေရန်၊ သူတစ်ပါးလက်အောက်ခံ၊ လက်ဝေခံနိုင်ငံမဖြစ်စေရန် ပြည်ထောင်စုသားအားလုံး စည်းလုံးညီညွတ်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အတွက် အန္တရာယ်ကျရောက်နိုင်သည့် ယခုလိုကာလမျိုးတွင် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသည့် တပ်မတော်နှင့်ပြည်သူတို့ ခိုင်မြဲစွာလက်တွဲပြီး တိုင်းချစ်ပြည်ချစ်စိတ်၊ ရဲစွမ်းသတ္တိအပြည့်အဝစိတ်ဖြင့် နိုင်ငံတော်အစွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် ဘက်စုံတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၁ - ၂ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၆၀၀ | ၁,၉၉၂ | ၁၅,၁၃၉,၂၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၆,၉၂၇ | ၂၀,၀၈၈,၃၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၆၆ | ၅၂၇,၅၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၂,၉၈၃ | ၅,၃၆၉,၄၀၀ |
| TMH | ၂,၉၅၀ | ၂,၉၅၀ | ၁၇ | ၅၀,၁၅၀ |
| EFR | ၁,၆၀၀ | ၁,၆၀၀ | ၄၅၀ | ၇၂၀,၀၀၀ |
| AMATA | ၃,၉၀၀ | ၄,၀၀၀ | ၁,၁၅၆ | ၄,၅၆၄,၉၅၀ |
| MAEX | ၃,၂၀၀ | ၃,၂၀၀ | ၉၀၉ | ၂,၉၀၈,၈၀၀ |
| MADPL(PLB) | ၃,၀၅၀ | ၃,၀၀၀ | ၅၈ | ၁၇၄,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

မြန်မာနိုင်ငံသည် ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်အထိ နိုင်ငံ၏သမိုင်းတစ်လျှောက် စည်းလုံးညီညွတ်စွာ အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ကြွားထည်ဝါစွာ ရပ်တည်နိုင်ခဲ့ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံအား အင်္ဂလိပ်နယ်ချဲ့တို့မှ ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲခဲ့သဖြင့် ၁၈၈၅ ခုနှစ်တွင် တစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ရောက်ခဲ့ရပါသည်။

ပြည်ထောင်စုဖွားသွေးချင်းများသည် ဆုံးရှုံးခဲ့သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိစေရန် သွေးစည်းညီညွတ်မှုဖြင့် နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ကြပါသည်။ ဗြိတိသျှတို့သည် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရသည့်တိုင် ပြည်မကိုသာ လွတ်လပ်ရေးပေးကာ တောင်တန်းဒေသများကို ချန်လှပ်ထားရန်ကြံစည်၍ အချင်းချင်း စည်းလုံးညီညွတ်မှုပြိုကွဲစေမည့် သွေးခွဲအုပ်ချုပ်ရေးစနစ်ကို လုပ်ဆောင်ခဲ့ကြပါသည်။ သို့သော်လည်း တောင်တန်းဒေသ၊ ပြည်နယ်ပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးကို တပေါင်းတစည်းတည်း အတူရယူမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားခေါင်းဆောင်ကြီး (၂၃)ဦးတို့က ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့ နံနက်တွင် ပင်လုံမြို့၌ ပြည်ထောင်စုစာချုပ်ကြီးကို သမိုင်းဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ကြပါသည်။ ထိုကဲ့သို့ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးအတွက် အခြေခံဖြစ်သော သမိုင်းဝင်ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့သည့် ဖေဖော်ဝါရီလ(၁၂)ရက်နေ့ကို ပြည်ထောင်စုနေ့ဟု သတ်မှတ်၍ နှစ်စဉ် ပြည်ထောင်စုနေ့ အခမ်းအနားများကို ကျင်းပခဲ့သည်မှာ (၇၈)နှစ် တိုင်ခဲ့ပြီဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

မိမိတို့နိုင်ငံ၏ ထူးခြားသော ဝိသေသမှာ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်သည် ပြည်ထောင်စုတစ်ဝန်းလုံးတွင် ပေါင်းစည်းနေထိုင်ကြခြင်းပင်ဖြစ်ပါသည်။ နေရာဒေသအသီးသီးရှိ တိုင်းရင်းသားပြည်သူများအချင်းချင်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားလေးပါးဖြင့် နေထိုင်ဆက်ဆံကြမည်ဆိုပါက အေးချမ်းသာယာသော လူ့ဘောင်လောကကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ အလားတူပင် နိုင်ငံသားတိုင်း ဝံသာနုရက္ခိတ တရားတည်းဟူသော မိမိနိုင်ငံနှင့်လူမျိုးကို အစဉ်စောင့်ရှောက်လိုစိတ်၊ အမျိုးဂုဏ် ဇာတိဂုဏ်နှင့် အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းလိုစိတ်တို့ကို အခြေခံပြီး အေးအတူ ပူအမျှ ချစ်ကြည်စွာပေါင်းစု နေထိုင်သွားကြမည်ဆိုပါက ပြည်ထောင်စုကြီး အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲနေမည်သာဖြစ်ပါသည်။

ရှေးမြန်မာမင်းများနှင့် ဘိုးဘွားဘီဘင်များထံမှ အမွေအနှစ်အဖြစ် ရရှိထားသော ပြည်ထောင်စုနယ်နိမိတ် မပျောက်ပျက်စေရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန်မှာ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ မွေးရာပါတာဝန်ဖြစ်ပါသည်။ သို့ဖြစ်ရာ ပြည်ထောင်စုသားအားလုံးက **"ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဗြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ကြရန်"** တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအားလုံးသည် ရှေးနှစ်ပေါင်းများစွာကတည်းက တစ်မြေတည်းနေ တစ်ရေတည်းသောက်ခဲ့ကြသော ညီရင်းအစ်ကို၊ မောင်ရင်းနှမများဖြစ်ကြပါသည်။ မွေးဖွားရာဇာတိ၊ နေထိုင်ရာဒေသ၊ ကြီးပြင်းရာ ဝန်းကျင်၊ ကိုးကွယ်ရာဘာသာ၊ ပြောဆိုရာစကားနှင့် မြတ်နိုးရာစာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးတမ်းများ မတူကွဲပြားသော်လည်း ပြည်ထောင်စုသားသွေးချင်းများဖြစ်သည်ဟူသော အသိစိတ်ဖြင့် တစ်ဦးနှင့်တစ်ဦး တန်ဖိုးထားလေးစားကာ စည်းလုံးညီညွတ်မှု အစဉ်အလာကောင်းများဖြင့် ချစ်ကြည်စွာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြပါသည်။

တိုင်းရင်းသားများ၏ ပင်ကိုစိတ်ရင်းတွင် အေးချမ်းစွာ နေထိုင်စားသောက်လိုစိတ်၊ ကိုယ်ချင်းစာစိတ်နှင့် အချင်းချင်းရိုင်းပင်းကူညီလိုစိတ် အပြည့်ရှိကြပြီး ပကတိရိုးသားဖြူစင်သော စိတ်ထားရှိကြပါသည်။ ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုပယောဂကြောင့် ယနေ့အချိန်ထိ တိုင်းရင်းသားညီနောင်အချင်းချင်းအကြား လက်နက်ကိုင်ပဋိပက္ခများဖြင့် မတည်ငြိမ် မအေးချမ်းဖြစ်နေရာ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့ကြရပါသည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ချုပ်ဆိုကာ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပါသည်။ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် တစ်ဦးနှင့်တစ်ဦး သဘောထားကွဲလွဲမှုများရှိနိုင်သော်လည်း ကိုယ်စီ၏ လိုလားချက်များကို လက်နက်ကိုင်အကြမ်းဖက်သည့် နည်းလမ်းဖြင့် တောင်းဆိုခြင်းမှာ မှားယွင်းသော လမ်းစဉ်ဖြစ်၍ မှန်ကန်သည့် ကောင်းကျိုးရလဒ်များ ရရှိနိုင်မည် မဟုတ်သည့်အတွက် မိမိတို့တိုင်းရင်းသားများအကြား နားလည်မှုလွဲမှားခြင်းများ၊ ပဋိပက္ခများရှိပါက တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းအရဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေးတံခါးကို အစဉ်ဖွင့်လှစ်ကြိုဆိုလျက်ရှိပါသည်။ ဒေသခံတိုင်းရင်းသားများကလည်း လက်နက်ကိုင်အဖွဲ့အစည်းများအား မိမိတို့လိုလားချက်များကို နိုင်ငံရေးနည်းလမ်းဖြင့် စေ့စပ်ညှိနှိုင်းအဖြေရှာရေးအားပေးဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုပါသည်။ သို့ဖြစ်၍ **"လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး"**ကို အလေးထားဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**☆ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေးတံခါးကို အစဉ်ဖွင့်လှစ်ကြိုဆိုလျက်ရှိပါသည်။ ဒေသခံတိုင်းရင်းသားများကလည်း လက်နက်ကိုင်အဖွဲ့အစည်းများအား မိမိတို့လိုလားချက်များကို နိုင်ငံရေးနည်းလမ်းဖြင့် စေ့စပ်ညှိနှိုင်းအဖြေရှာရေးအားပေးဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုပါသည်။ သို့ဖြစ်၍"လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး"ကို အလေးထားဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်**

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

စည်းလုံးသောနိုင်ငံ၊ ညီညွတ်သောနိုင်ငံ၊ နိုးကြားကြိုးစားသော နိုင်ငံသည် အမြဲထာဝရဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပြီး စည်းလုံးညီညွတ်မှုမရှိပါက နိုင်ငံမှာ ရေနစ်ဆားကဲ့သို့ ပျက်စီးပျောက်ကွယ်သွားမည်သာဖြစ်ပါသည်။ သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတွင်းရှိ ပြည်သူများ၏ စည်းလုံးညီညွတ်မှုဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး ပကတိလိုအပ်ချက်သည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးပင် ဖြစ်ပါသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှု၊ ဘဝလုံခြုံမှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့ကိုလည်း ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးပြဿနာများနှင့် ပဋိပက္ခများကို ဖြေရှင်းရာတွင် ပြည်ပနိုင်ငံအချို့က ပြည်တွင်းပဋိပက္ခကို ဒေသတွင်းပဋိပက္ခအခြေအနေထိဖြစ်ပေါ်အောင် ဖန်တီးနေကြပါသည်။ တိုင်းပြည်စည်းလုံးမှုပြိုကွဲပါက အင်အားချည့်နဲ့ကာ ခေတ်သစ်ကိုလိုနီနယ်ချဲ့များ ပါဝင်ပတ်သက် ဝင်ရောက်စွက်ဖက်လာနိုင်သည်ကို သတိပြုကြရမည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲစေရန်၊ သူတစ်ပါးလက်အောက်ခံမဖြစ်စေရန်၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးစေရန်နှင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် တိုင်းရင်းသားပြည်သူအပေါင်းစည်းလုံးညီညွတ်စွာဖြင့် အကြမ်းဖက်မှုများကို တားဆီးဟန့်တားကြရန်လိုအပ်ပါသည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသော အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုတို့ စိတ်တူကိုယ်တူ တစ်သားတည်းရှိနေကြမှသာ မြန်မာနိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲနေမည် ဖြစ်ပါသည်။ သို့ဖြစ်၍ **"ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ကြရန်"** တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်တစ်ရပ်ကို ဖော်ဆောင်ပေးသွားမည် ဖြစ်ပါသည်။ ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းကို ဥပဒေနှင့်အညီ ခွင့်ပြုပေးထားပြီး ပါတီစုံပါဝင်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ရွေးကောက်ပွဲကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ်တွင် အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ရွှေ့ပြောင်းလူဦးရေစာရင်းကို တရားဝင်ထုတ်ပြန်ခဲ့ပြီးဖြစ်ကာ တိကျမှန်ကန်သည့် အတည်ပြုဦးရေစာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်ပေးပို့ပြီး ရွေးကောက်ပွဲအတွက် ပြင်ဆင်စီမံဆောင်ရွက်လျက်ရှိပါသည်။

ရွေးကောက်ပွဲတွင် မဲမသမာမှုမရှိရေးနှင့် တိကျမှန်ကန်ရေး Myanmar Electronic Voting Machine ဖြင့် မဲပေးသည့်စနစ်ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှု၊ ဆုံးရှုံးမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်သည့် ရွေးကောက်ပွဲဖြစ်စေရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပါတီစုံဒီမိုကရေစီစနစ်ကို တည်ဆောက်ရာတွင် ဒီမိုကရေစီ ယဉ်ကျေးမှုနှင့်အညီ လူတစ်ဦးချင်း၊ သို့မဟုတ် အဖွဲ့လိုက်၏ လိုအင်ဆန္ဒများကို ပဋိပက္ခအဖြစ် ဖန်တီးလှုံ့ဆော်မှု၊ အကြမ်းဖက်ဖော်ဆောင်မှုများမှ ရှောင်ရှား၍ ငြိမ်းချမ်းသောနည်းဖြင့်သာ ဖော်ဆောင်ကြရမည်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အဓိကဖြစ်သဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေး လိုအပ်နေသော တည်ငြိမ်အေးချမ်းမှုရှိရေး ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ **"ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်"** တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

ပြည်နယ်နှင့် တိုင်းဒေသကြီး အချင်းချင်း အကြားတွင်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုချင်းစီအတွင်းတွင် လည်းကောင်း၊ ကျေးလက်နှင့် မြို့ပြအကြားတွင်လည်းကောင်း လူနေမှုစနစ်ကွာဟနေမှုများ၊ ဆင်းရဲချမ်းသာကွာဟနေမှုများကို အတတ်နိုင်ဆုံးလျှော့ချပြီး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေး ရည်မှန်းချက်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောရေးအတွက် တိုင်းပြည်အေးချမ်းရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတွင် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုက ပဓာနကျသကဲ့သို့ တိုင်းရင်းသားခေါင်းဆောင်များ၏ ပြည်ထောင်စုအကျိုးရှေးရှုမှုက အခရာကျပါသည်။

စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရန် ဆောင်ရွက်လျက်ရှိပါသည်။ အလားတူပင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို သမဝါယမစနစ်ဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။ ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး၊ အရည်အသွေးမီသော အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးစေရေးတို့အပြင် ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်၍ နည်းပညာနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ မတူညီသည့် ရေမြေ၊ ရာသီဥတု၊

စာမျက်နှာ ၄ သို့ ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆွေးနွေးပြောကြားစဉ်။

**❍ နိုင်ငံ့ GDP တိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ ကဏ္ဍကြီးသုံးရပ်ရှိပြီး နိုင်ငံ၏အဓိကလုပ်ငန်းရပ်ဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၌ပင် အခြားနိုင်ငံများထက် ထုတ်လုပ်မှုစွမ်းရည်မှာ အားနည်းနေသေးသည်ကိုတွေ့ရ**

**❍ ထို့ကြောင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုတိုးတက်စေရေး အားပေးဆောင်ရွက်မှသာ နိုင်ငံ၏ GDP မှာလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းများလည်း ထိုက်သင့်သလောက် ကျဆင်းသွားမည်ဖြစ်**

**❍ နိုင်ငံတော်မှ**

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တည်ငြိမ်အေးချမ်းရေး၊ ကုန်သွယ်မှုလုပ်ငန်းများတိုးမြှင့်ရေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့် အခြေအနေများအရ တာဝန်ထမ်းဆောင်ခွင့်ကို ၆ လသက်တမ်းထပ်မံတိုးမြှင့်ခဲ့ရကြောင်း၊ ယခု ၆ လတာကာလအတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရေး အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း မိမိတို့တာဝန်ယူထားရသည့် ဒေသများအလိုက် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ အခက်အခဲမရှိစေရေး လစာနှင့် ထောက်ပံ့ကြေးများကို တိုးမြှင့်ပေးခဲ့ကြောင်း၊ ပြည်တွင်းနိုင်ငံခြားငွေ အခက်အခဲများနှင့် ထုတ်လုပ်မှုကုန်ကျစရိတ် ကြီးမြင့်ခြင်းတို့ကြောင့် ကုန်ဈေးနှုန်းများ ကြီးမြင့်ရခြင်းဖြစ်ကြောင်း၊ ကုန်သွယ်မှုနှင့်ပတ်သက်၍ ကုန်သွယ်မှုကြောင့် နိုင်ငံပိုင်နိုင်ငံခြားငွေများ ရရှိသကဲ့သို့ Non Trade များမှလည်း နိုင်ငံခြားငွေများရရှိကြောင်း၊ ယခင်ဒီမိုကရေစီ အစိုးရသက်တမ်းနှစ်ခုတွင် ကုန်သွယ်မှုမှ နိုင်ငံခြားငွေလိုအပ်မှုမှာ ၂၄ ဘီလီယံကျော်ခန့်ရှိကြောင်း၊ လိုအပ်သည့် နိုင်ငံခြားငွေများကို အခြားပြည်ပချေးငွေများ၊ ထောက်ပံ့ငွေများနှင့် Non Trade များမှရရှိသည့် ငွေများဖြင့်ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြကြောင်း၊ မိမိတို့ တာဝန်ယူထားရသည့် ကာလအတွင်း နိုင်ငံခြားချေးငွေများ မရရှိကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများတိုးတက်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ CMP လုပ်ငန်းများမှလည်း နိုင်ငံခြားငွေများ ရရှိကြောင်း၊ အခြားနိုင်ငံများတွင် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်သူများထံမှ နိုင်ငံခြားငွေများလည်းရရှိကြောင်း၊ သို့သော်မိမိတို့နိုင်ငံတွင် ရသင့်သလောက် ရရှိမှုမရှိသည်ကို တွေ့ရသဖြင့် ပိုမိုတိုးတက်ရရှိရေး မိမိတို့အနေဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများမှ နိုင်ငံခြားငွေများ ပိုမိုတိုးတက်ရရှိစေရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

**စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး**

နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုကို GDP ဖြင့် တိုင်းတာကြပြီး မိမိတို့နိုင်ငံ၏ GDP သည် အာဆီယံနှင့် ဒေသတွင်းနိုင်ငံများထက် နည်းပါးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ့ GDP တိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ ကဏ္ဍကြီးသုံးရပ်ရှိပြီး **နိုင်ငံ၏အဓိကလုပ်ငန်းရပ်ဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၌ပင် အခြားနိုင်ငံများထက် ထုတ်လုပ်မှုစွမ်းရည်မှာ အားနည်းနေသေးသည်ကိုတွေ့ရ**ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်စေရေး အားပေးဆောင်ရွက်မှသာ နိုင်ငံ၏ GDP မှာလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းများလည်း ထိုက်သင့်သလောက် ကျဆင်းသွားမည်ဖြစ်ကြောင်း၊ **တိုင်းပြည်သာယာဝပြောစေရေး မြေကြီးကရွှေသီးအောင်လုပ်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အလုပ်လုပ်မှ မြေကြီးကရွှေသီးမည်ဖြစ်သဖြင့် အမှန်တကယ်အလုပ်လုပ်ရန် လိုအပ်မည်ဖြစ်**ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းများလည်း ထိုက်သင့်သလောက် ကျဆင်းသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်မှသာလျှင် ပို့ကုန်ကဏ္ဍတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်းဖြစ်ထွန်းအောင်မြင်ပြီး ပြည်ပဈေးကွက်လိုအပ်ချက်ရှိသည့် ဆန်၊ ပြောင်း၊ ကော်ဖီတို့ကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် တိရစ္ဆာန်အစာများဖြင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြောင်းကုန်ကြမ်းများကို ပြည်ပသို့တင်ပို့မည့်အစား အရည်အသွေးမြင့် ပြောင်းထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ ဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်း၊ ပဲနှင့်ပတ်သက်၍လည်း အလားတူ ဆောင်ရွက်၍ရနိုင်မည်ဖြစ်ကြောင်း၊ ဆန်ထုတ်လုပ်မှုမှ ဆန်ကွဲနှင့် ဖွဲများကိုလည်း မွေးမြူရေးလုပ်ငန်းများအတွက် အကျိုးရှိရှိအသုံးချသွားရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်စပ်လျက်ရှိသဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်သည့် အခြေခံအချက်အလက် ကိန်းဂဏန်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အတတ်နိုင်ဆုံး မှန်ကန်မှုရှိစေရေး စာရင်းကောက်ယူ ဆောင်ရွက်သွားရန်လိုပြီး ယင်း အခြေခံအချက်အလက်များနှင့် ဒေသတွင်း စားရေးလိုအပ်ချက်များအပေါ် မူတည်၍ စိုက်ပျိုးရေး၊ မွေးမြူရေး စီမံချက်များကို ချမှတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ အလားတူ စိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေများ လုံလောက်စွာရရှိစေရေး သဲချောင်းများ၌ မြေအောက်တမံများ တည်ဆောက်ခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများကို များစွာအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စီမံချက်များရေးဆွဲတင်ပြဆောင်ရွက်သွားရန်လိုကြောင်း၊ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီရေးနှင့် သီးထပ်စွမ်းအားများ တိုးတက်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်သွားကြရန် လိုကြောင်း။

**လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံရေး**

နေရေးလုံခြုံမှုနှင့်ပတ်သက်၍ ကမ္ဘာပေါ်တွင် ရာနှုန်းပြည့်လုံခြုံရေးဟူ၍ မည်သည့်နိုင်ငံတွင်မျှ မရှိနိုင်ကြောင်း၊

**စာမျက်နှာ ၅ သို့ ☆**

**☆ စာမျက်နှာ ၃ မှ**

ဒေသအခြေအနေများအပေါ် မူတည်၍ ဒေသအလိုက် မည်သည့် ရေတို၊ ရေရှည်စီးပွားရေးလုပ်ငန်းမျိုး ဆောင်ရွက်သင့်သည်၊ မည်သည့်အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးသင့်သည်ကို ဆွေးနွေးညှိနှိုင်းပြီး ဒေသဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို သမားရိုးကျနည်းအပြင် ခေတ်မီနည်းစနစ်များဖြင့် တီထွင်တိုးမြှင့်ထုတ်လုပ်ရမည် ဖြစ်ပါသည်။ ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပသို့တင်ပို့နိုင်ပါက နိုင်ငံ့စီးပွားတိုးတက်လာသည်နှင့်အမျှ ပြည်ထောင်စုတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝများလည်း တိုးတက်လာကာ ပြည်နယ်နှင့် တိုင်းဒေသကြီးများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သောကြောင့် နေရာဒေသမရွေး ကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ တန်းတူရည်တူ အပြည့်အဝရရှိစေရန် အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။ ဤကဲ့သို့ ဆောင်ရွက်ရာတွင် လူသားအရင်းအမြစ်သည် အဓိကကျသဖြင့် ကျန်းမာရေးနှင့်ပတ်သက်သော အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များ စနစ်တကျမွေးထုတ်လျက်ရှိပါသည်။

ယနေ့အချိန်တွင် အနာဂတ်၏ အင်အားများဖြစ်သည့် လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများမြှင့်တင်ကာ ဘက်စုံပညာဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။ ထို့ကြောင့်လည်း နိုင်ငံသားတိုင်း အနည်းဆုံး KG+9 အလယ်တန်းအဆင့် ပြီးမြောက်အောင်မြင်ရေးနှင့် အသိပညာ အတတ်ပညာ ပြည့်စုံသော ပညာတတ်များ ပေါ်များရေးဟူသော ပညာရေးမျှော်မှန်းချက်များ အောင်မြင်စေရန် ကျောင်းများတိုးချဲ့ရေး၊ ဆရာ ဆရာမများ၏ စွမ်းရည်မြှင့်တင်ရေးနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်အောင် ပြင်ဆင်ရေးတို့အတွက် တိုးမြှင့်စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျန်းမာရေးကောင်းမွန်သော ပညာတတ်များ ပေါ်များလာသည်နှင့်အမျှ ကုန်ထုတ်စွမ်းအားများ တိုးတက်လာပြီး လူမှုစီးပွားဘဝများလည်း မြင့်မားလာကာ ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား ကွာဟမှု လျော့နည်းလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ **“ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး”** အတွက် သက်ဆိုင်သူများနှင့် တိုင်းရင်းသားပြည်သူအပေါင်းက ဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို ပြည့်ဝအောင်မြင်စေရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားများက သမိုင်းပေးတာဝန်အဖြစ် ခံယူလျက် ညီနောင်တစ်စုတည်ထောင်ပြုပါက ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲ ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပါကြောင်း တိုက်တွန်းမှာကြားလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့်ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက လက်ခံရယူစဉ်။

☆ စာမျက်နှာ ၄ မှ

ရာဇဝတ်မှုများ၊ လုံခြုံရေးကျိုးပေါက်မှုများသည် နိုင်ငံတိုင်း၌ဖြစ်ပေါ်လျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်မှစ၍ ပြည်သူ့လုံခြုံရေးစနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်တွင် နိုင်ငံသားတိုင်းအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိကြပြီး ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်း ဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ အဓိကဆောင်ရွက်ရမည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြစ်ပြီး သက်ဆိုင်ရာနယ်မြေဒေသအလိုက် ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ စွမ်းရည်စွမ်းအားရှိသည့် ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူက အားကိုးရသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်ရန်လိုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း ၎င်းတို့၏တာဝန်ထမ်းဆောင်မှုများအပေါ် လိုအပ်သည်များအားပေးထောက်ပံ့ခြင်းများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ နေရာဒေသအလိုက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် မှန်မှန်ကန်ကန်ဖြင့် တာဝန်ပေးအပ်နိုင်ရေး၊ မိမိတို့ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ဒေသအလိုက်ရှိ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတို့ အတူတကွလက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

သွားလာရေးနှင့် လမ်းပန်းဆက်သွယ်ရေး လုံခြုံမှုအပိုင်းနှင့်ပတ်သက်၍ အကြမ်းဖက်အဖွဲ့များအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက်ကို အခွင့်ကောင်းယူ၍ အများပြည်သူအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ အကြမ်းဖက်မှုကို ကျူးလွန်လျက်ရှိကြောင်း၊ ထို့ကြောင့် ဒေသအလိုက် နယ်မြေစိုးမိုးမှုနှင့် လမ်းပန်းဆက်သွယ်ရေးလုံခြုံမှုကို အထူးအလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်ရေး လုံခြုံမှုမရှိခြင်းကြောင့် ကုန်စည်စီးဆင်းမှုများကို ထိခိုက်စေနိုင်မည်ဖြစ်ပြီး စားရေးသောက်ရေးနှင့် လူမှုစီးပွားဘဝများလည်း ထိခိုက်စေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သွားလာမှုနှင့် လမ်းပန်းဆက်သွယ်ရေး လုံခြုံမှုကို အထူးအလေးထား ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

## MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

ယမန်နေ့က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဝန်ကြီးချုပ်များအနေဖြင့် တစုတစည်း တည်းဆုံစည်းခဲ့ကြကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထုတ်ကုန်များကို တစုတစည်းတည်း တွေ့ရှိရပြီး အားသာချက်၊ အားနည်းချက်များ၊ ဒေသအလိုက် ဆောင်ရွက်ချက်များကို တွေ့မြင်သိရှိရနိုင်သည့် တန်ဖိုးအရှိဆုံးသော အကြီးအကျယ်ဆုံးသော အခွင့်အရေးပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ MSME လုပ်ငန်းများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးပွားလာစေပြီး ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်၌ ဒေသတစ်ခု၏ လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်၊ အားနည်းချက်များကို သိမြင် ဖော်ထုတ်လာစေနိုင်မည်ဖြစ်ပြီး ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်အတွက် MSME လုပ်ငန်းများနှင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက် လာစေနိုင်မည်ဖြစ် ကြောင်း။

MSME လုပ်ငန်းများအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များ ရရှိစေရေး Polytechnic တက္ကသိုလ်များ၊ စိုက်ပျိုး မွေးမြူရေးနှင့် နည်းပညာ အထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားလျက်ရှိသကဲ့သို့ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရင်းနှီးမတည်ငွေများ ထုတ်ပေးရာတွင်လည်း သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးရန်လိုကြောင်း။

## ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေး

ပညာရေး မြှင့်တင်မှုလုပ်ငန်းများကို အထောက်အကူဖြစ်စေရန် အတွက် စာသင်ကျောင်းများ ကျောင်းအင်္ဂါရပ်များနှင့်အညီ ဖြစ်စေရေးအတွက် ပိုလျှံဘဏ္ဍာငွေများဖြင့် သတ်မှတ်ထားသည့် ဘဏ္ဍာရေးကာလအတွင်း ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ပြည်သူ့ဆေးရုံများအတွက် လိုအပ်သည့် အဆောက်အအုံများ၊ ခြံစည်းရိုးများကိုလည်း တည်ဆောက်ပေးသွားရန်လိုကြောင်း၊ လုံခြုံရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ နေထိုင်မှုအဆင်ပြေစေရေးအတွက် ဝန်ထမ်းလိုင်းခန်းများ ပြည့်စုံစွာရှိစေရေး အလေးထား ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဘတ်ဂျက်ငွေသုံးစွဲမှုနှင့် ပတ်သက်၍ Quick Win ဖြစ်နိုင်သည့် လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

## လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်

လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် နေရပ်ရွှေ့ပြောင်းလာသူများရှိသည်ကိုလည်း တွေ့ရှိရကြောင်း၊ အဆိုပါ နေရပ်စွန့်ခွာရွှေ့ပြောင်းလာသူများ၏ စာရင်းများကို မှန်ကန်စွာဖြစ်စေရေး သက်ဆိုင်ရာအုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် စဉ်ဆက်မပြတ်

စာမျက်နှာ ၆ သို့ ☆

**※ နိုင်ငံတော်အနေဖြင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများကို တစ်ဦးလျှင် တစ်လငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လစဉ် ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ သဘာဝဘေးစီမံခန့်ခွဲမှုရန်ပုံငွေ စာရင်းအမှတ်များသို့ လွှဲအပ်ပေးသွားမည်**

**※ ထောက်ပံ့ငွေများပေးအပ်ရာတွင် သက်ဆိုင်ရာနယ်မြေများအလိုက် ယာယီနေရပ်စွန့်ခွာနေရသူများ အားလုံးပါဝင်မှုရှိစေရေး၊ စာရင်းတွင်မပါဝင်ဘဲ ကျန်နေခဲ့ရသူများမရှိစေရေး၊ စနစ်တကျ ထိထိရောက်ရောက် ထောက်ပံ့ပေးအပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လို**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လက်ခံရယူစဉ်။

✯ **စာမျက်နှာ ၅ မှ**

ဆောင်ရွက်နေရန်လိုကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ လူဦးရေစာရင်းများ မှန်မှန်ကန်ကန်ရရှိရန် လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ဥပဒေများကို စေ့စပ်ကျယ်ပြန့်စွာ လေ့လာထားရန်လိုကြောင်း၊ နိုင်ငံရေးပါတီများမှလည်း လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် လွှတ်တော် ၃ ရပ်အတွက် ရွေးကောက်တင်မြှောက်မှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်သွားမည်**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အကြမ်းဖက်မှု၊ လက်နက်ကိုင် သောင်းကျန်းမှုဖြစ်ပွားခြင်းကြောင့် ပြည်သူများ၏ဆုံးရှုံးမှုများသည်လည်း သဘာဝဘေးအန္တရာယ် သတ်မှတ်ချက်များတွင် အကျုံးဝင်သောကြောင့် နိုင်ငံတော်အနေဖြင့် **အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများကို တစ်ဦးလျှင် တစ်လငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လစဉ်ထောက်ပံ့ပေးသွားမည်ဖြစ်**ပြီး နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ သဘာဝဘေးစီမံခန့်ခွဲမှုရန်ပုံငွေ စာရင်းအမှတ်များသို့ လွှဲအပ်ပေးသွားမည် ဖြစ်ကြောင်း၊ ထောက်ပံ့ငွေများ ပေးအပ်ရာတွင် သက်ဆိုင်ရာနယ်မြေများအလိုက် ယာယီနေရပ် စွန့်ခွာနေရသူများအားလုံး ပါဝင်မှုရှိစေရေး၊ စာရင်းတွင်မပါဝင်ဘဲ ကျန်နေခဲ့ရသူများမရှိစေရေး၊ စနစ်တကျ ထိထိရောက်ရောက် ထောက်ပံ့ပေးအပ်နိုင်ရေး ဝိုင်းဝန်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုကောက်ယူရရှိထားသည့် စာရင်းတွင် မပါဝင်ဘဲ ထပ်မံကောက်ယူရရှိလာမည့် ယာယီနေရပ်စွန့်ခွာနေရသူများ၏ စာရင်းကိုလည်း စိစစ်ကောက်ယူ၍ ထပ်မံတင်ပြတောင်းခံသွားရန်နှင့် စနစ်တကျ စိစစ်ထောက်ပံ့ပေးသွားရန် လိုကြောင်း။

**နွေရာသီ ကျောင်းပိတ်ရက်ကာလကို အကျိုးရှိရှိ အသုံးချနိုင်ရေး**

နွေရာသီ ကျောင်းပိတ်ရက်ကာလနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူများအနေဖြင့် အားလပ်ရက်ကို အကျိုးရှိရှိ အသုံးချနိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ သင်ယူခဲ့ပြီးဖြစ်သည့် သင်ခန်းစာများအား ပြန်လည်ဖတ်မှတ်လေ့လာစေခြင်း၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာတို့ကဲ့သို့ ၎င်းတို့ကိုအကျိုးဖြစ်စေနိုင်မည့် အခြေခံသင်တန်းများ ဖွင့်လှစ်သင်ကြားစေခြင်းများကို စီစဉ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကျောင်းပိတ်ရက်ကာလအတွင်း ပညာရေးဝန်ထမ်းများ၏ အရည်အသွေး ပိုမိုကောင်းမွန်စေရေးအတွက် မွမ်းမံသင်တန်းပို့ချပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း KG + 9 အထိ ပညာသင်ကြားရေးစနစ်အဖြစ် ဖော်ဆောင် ထားခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ယခုမှာကြားချက်များအား ပြန်လည်ရောက်ရှိချိန်တွင် တာဝန်ရှိသူများအား ပြန်လည်ဆွေးနွေးမှာကြားခြင်းနှင့် အကောင်အထည်ဖော်ခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဒေသအလိုက် လိုအပ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြရာတွင် စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးက စက်မှုကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုများကို လည်းကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး တင်အောင်စန်းက လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုများကို လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ညိုစောက စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုများကိုလည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် GDP တိုးတက်ရေးဆိုင်ရာများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေများ ထုတ်ပေးထားရှိမှုအခြေအနေများ၊ ယာယီနေရပ်စွန့်ခွာနေရသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်သွားမည့် အခြေအနေများကို လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်စွမ်းအားမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှုများကို လည်းကောင်း၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ လက်နက်ခဲယမ်းသယ်ဆောင်မှုနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လိုင်စင်မဲ့မော်တော်ယာဉ်များ စိစစ်ဖော်ထုတ်ရေး၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် မီးခိုးငွေ့ ကင်းစင်ရေးဆိုင်ရာများကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှု၊ စိစစ်မှုတို့နှင့်ပတ်သက်၍ မျက်မြင်စစ်ဆေးခြင်း၊ ကျန်းမာရေးဆိုင်ရာ စစ်ဆေးခြင်းများ၊ စိတ်ခံစားစည်းကမ်းပိုင်းဆိုင်ရာ စစ်ဆေးခြင်းများကို စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့်ပတ်သက်ပါက သတ်မှတ်ထားသည့် ဥပဒေအတိုင်းသာ ဖြစ်ရန်လိုပြီး အတင်းအဓမ္မစုဆောင်းခြင်းများ မဖြစ်ရန်လိုကြောင်း၊ MSME လုပ်ငန်းများနှင့်ပတ်သက်၍ လျှပ်စစ်မီးလိုအပ်ချက်ကို ဆိုလာစနစ်ဖြင့် ဆောင်ရွက်ပါက လုပ်ဆောင်ပြီး သုံးနှစ်တာကာလအတွင်း အရင်းကျေကာလသို့ ရောက်ရှိနိုင်မည်ဖြစ်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ဒေသအလိုက်ရှိ MSME လုပ်ငန်းများအား ဆိုလာစနစ်ကို အသုံးပြု၍ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး အသိပညာပေးသွားရန်လိုကြောင်း၊ MSME လုပ်ငန်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူ ပြုနိုင်သည့်အတွက် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို ယခုကဲ့သို့ ခမ်းခမ်းနားနားဖြင့် ရည်မှန်းချက်ကြီးကြီးထား၍ ကျင်းပခြင်းဖြစ်ကြောင်း၊ ပြပွဲနှင့် ပြိုင်ပွဲတွင် မြန်မာသံရုံးများမှ စီးပွားရေးသံမှူးများမှတစ်ဆင့် ပြည်ပဈေးကွက်ရှာဖွေနိုင်ရေး ဆောင်ရွက်မှုများ၊ စီးပွားရေးကို ဦးဆောင်ဦးရွက်ပြုနေသည့် အရပ်ဘက်စီးပွားရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၏ ငွေကြေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ဘဏ်များနှင့်လည်း ချိတ်ဆက်နိုင်ရန် ဆောင်ရွက်ပေးထားသဖြင့် အကျိုးရှိရှိဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ နယ်စပ်ဒေသများ၌ ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍လည်း အရေးကြီးသည့် ကိစ္စရပ်များဖြစ်သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အကြောင်းကြားသွားရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

တင်ပြချက်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ရေနံစိမ်းတိုးမြှင့်ထုတ်ယူနိုင်ရေးကိစ္စများ၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေး မြေအဖြစ်သုံးစွဲရန် မသင့်လျော်သည့်နေရာများ၊ မြေလွတ်မြေရိုင်းနေရာများကို စိစစ်ဖော်ထုတ်ထားရန်လိုကြောင်း၊ အဆိုပါမြေနေရာများတွင် ဆိုလာလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေး နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အထွေထွေဆွေးနွေးမှုများတွင် ပါဝင်သည့်မီးခိုးငွေ့ ကင်းစင်ရေးနှင့်ပတ်သက်၍ နိုင်ငံတကာတွင်လည်း ဆောင်ရွက်လျက်ရှိပြီး အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မီးခိုးငွေ့နှင့် လေထုသန့်ရှင်းရေးကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်များ စိစစ်ဖော်ထုတ်ရာ၌ ဖမ်းဆီးရမိသူများအပြင် ပါဝင်ပတ်သက်နေသည့် အုပ်ချုပ်ရေးနှင့် လုံခြုံရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများကိုလည်း အဆင့်ဆင့်စိစစ်ဖော်ထုတ် အရေးယူသွားရန်လိုကြောင်း၊ တရားမဝင် မော်တော်ဆိုင်ကယ်များကိုလည်း စိစစ်ဖော်ထုတ် အရေးယူသွားရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်ပစ္စည်းများ တင်သွင်းခြင်းနှင့် တင်ပို့ခြင်းသည် နိုင်ငံတော်အတွက်လည်း များစွာထိခိုက်စေနိုင်သဖြင့် ထိထိရောက်ရောက် ဖော်ထုတ် ဆောင်ရွက်သွားရန်လိုကြောင်း။

Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့် ပတ်သက်၍လည်း ထိထိရောက်ရောက် ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် သတင်းအချက်အလက်များ ဖော်ထုတ်ရယူ၍ အရေးယူဆောင်ရွက်သွားကြရန်လိုကြောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍လည်း ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်မှု၊ သိုလှောင်ရောင်းချမှုဟူ၍ရှိပြီး သယ်ယူပို့ဆောင်ရာတွင် မြို့ကြီးများကို ဖြတ်ကျော်သယ်ဆောင်နေခြင်းများ ဖြစ်သဖြင့် စနစ်တကျဖိဖိစီးစီးဖြင့် ဖော်ထုတ်အရေးယူဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများမှ ဒုစရိုက်မှုများကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်လာသူများအနေဖြင့် နယ်စပ်ဒေသများရှိ ဒေသခံတိုင်းရင်းသူများနှင့် လက်ထပ်ထိမ်းမြားခြင်းများလုပ်ဆောင်ပြီး မိမိတို့ နိုင်ငံသားအဖြစ်ရရှိရန် ဆောင်ရွက်ခြင်းများလည်း ရှိကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာအုပ်ချုပ်ရေး တာဝန်ရှိသူများအနေဖြင့် နိုင်ငံခြားသားများနှင့် မိမိတို့နိုင်ငံသားများ တရားမဝင် လက်ထပ်ပေါင်းသင်းနေထိုင်ခြင်းများကို စနစ်တကျဖြင့် ဖော်ထုတ်သွားကြရန်လိုကြောင်း။

စာကြည့်တိုက်များနှင့်ပတ်သက်၍လည်း အားပေးဆောင်ရွက်သွားရန်လိုပြီး စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်လုပ်ငန်းများ တိုးတက်ရေးအတွက်လည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားရန် မှာကြားလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ဥပဒေအသိပညာ ပြန့်ပွားရေး ဆင့်ပွားသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ထမ်းများအနေဖြင့် ဥပဒေဆိုင်ရာ အခြေခံသဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီး၌ ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်ဝတ္တရားများကို ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျတာဝန်ထမ်းဆောင်နိုင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည့်အပြင် နိုင်ငံသားတိုင်းအနေဖြင့် သိရှိလိုက်နာစောင့်ထိန်းရမည့် သတ်မှတ်ပြဋ္ဌာန်းချက်တစ်ခုလည်းဖြစ်ကြောင်း၊ အထူးသဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြသည့် ဝန်ထမ်းများအနေဖြင့် ဥပဒေအသိပညာရပ်များကို ပိုမိုသိရှိနားလည် တတ်ကျွမ်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာပြီး ဥပဒေနှင့်ငြိစွန်းနိုင်သည့် ကိစ္စရပ်များကို ရှောင်ရှား၍ လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ ယုံကြည်ချက်ခိုင်မာစွာ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။






**ဆွေးနွေးပြောကြား**

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန့်ဇင်က "နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ" ကိုလည်းကောင်း၊ သင်တန်းနည်းပြများက "မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေ၊ ဆိုက်ဘာလုံခြုံရေးဥပဒေနှင့် ဆိုက်ဘာလုံခြုံရေး အသိပညာ"တို့ကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းဆင်းဝန်ထမ်းများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

---

# ဒုတိယဝန်ကြီး ဦးထိန်လင်း ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း ဖွင့်ပွဲအခမ်းအနား တက်ရောက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ ဥပဒေဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားပြီး ဥပဒေရေးရာ စည်းမျဉ်း/ စည်းကမ်းများကို ပိုမိုသိရှိနားလည်နိုင်စေရန်နှင့် ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Multipurpose Hall ၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက ဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွက် လိုအပ်သည့်အရာတစ်ခုဖြစ်သည့်အပြင် မိမိတို့နိုင်ငံအတွင်း နေထိုင်သည့် နိုင်ငံသားများ၊ ပြည်သူများ မဖြစ်မနေ သိရှိလိုက်နာစောင့်ထိန်းကြရမည့် သတ်မှတ်ပြဋ္ဌာန်းချက်တစ်ရပ်လည်းဖြစ်ကြောင်း၊ ဥပဒေရေးရာ စည်းမျဉ်း/ စည်းကမ်းများကို အချိန်တိုအတွင်း သိရှိနားလည်ပြီး ဗဟုသုတရရှိစေရန်အတွက် အတိုချုံး၍ ဆင့်ပွားသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ယခုသင်တန်းသို့ တက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူ အရာထမ်း၊ အမှုထမ်းများအနေဖြင့် ဥပဒေပညာကို ဆက်လက်ဆည်းပူးလေ့လာသွားရန် တိုက်တွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၅) ကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၈ ရက်အထိ နေပြည်တော် အားကစားလေ့ကျင့်ရေး စခန်း(Gold Camp) ရှိ Multipurpose Hall ၌ သင်တန်းနည်းပြ ငါးဦးတို့က သင်တန်းသား သင်တန်းသူ အရာထမ်း၊ အမှုထမ်းဦးရေ ၅၀ တို့ကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# လှည်းကူးမြို့နယ်၌ လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း ဖွင့်လှစ်

**လှည်းကူး ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ကလေးအလုပ်သမား ပပျောက်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် လှည်းကူးမြို့နယ်အတွင်းရှိ လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီက ကျင်းပသည်။



ဦးစွာ လှည်းကူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းဦးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးနိုင်က ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၁၁ ရက်မှ မတ် ၁၀ ရက်အထိ တစ်လကြာ ဖွင့်လှစ်သွားမည်ဖြစ်ရာ သင်တန်းနည်းပြများက စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းသို့ လှည်းကူးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ သင်တန်းသား ၃၀ တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး**

---

# မုဒုံမြို့၌ ကဗျာရွတ်ဆို၊ ပုံပြင်၊ ဆေးရောင်ခြယ် ပြိုင်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

**မုဒုံ ဖေဖော်ဝါရီ ၁၁**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကဗျာရွတ်ဆို၊ ပုံပြင်၊ ဆေးရောင်ခြယ် ပြိုင်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကိုယနေ့နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မုဒုံမြို့အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နွယ်သန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုးမိုးစန္ဒာထွန်းက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းအဆင့်ကျောင်းများမှ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၀၊ ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ၁၂ ဦးတို့က ပါဝင်ယှဉ်ပြိုင်ကြသည်။



ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က စာကြည့်တိုက်အတွက် စာအုပ်/စာစောင်များကို လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက လက်ခံရယူသည်။

ယင်းနောက် ဆုပေးပွဲကို ကျင်းပရာ ဆုရရှိသည့် ကျောင်းသားကျောင်းသူများကို တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်၍ အသိပညာပေး နံရံကပ်ပိုစတာများ၊ စာအုပ်စာစောင်များကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

---

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစု စုပေါင်းထမနဲထိုးပြိုင်ပွဲ တက်ရောက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မြန်မာ့ဓလေ့ရိုးရာယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် အတူတကွပူးပေါင်းဆောင်ရွက်တတ်စေရန်နှင့် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီလိုစိတ်များရှိစေရန် ရည်ရွယ်ချက်များဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဝန်ထမ်းမိသားစု စုပေါင်းထမနဲထိုးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ယာဉ်ရပ်နားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝန်ထမ်းမိသားစု စုပေါင်းထမနဲထိုးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသည့်အသင်းများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အကြိမ် (၂၀)မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အကြိမ် (၂၀)မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ကို ယနေ့ ညနေပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်အားပေး အမှာစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲသည် ဌာနများအလိုက် စုပေါင်းညီညာ အောင်ကြောင်းဖြာ သရုပ်ကို ဖော်ဆောင်သော ပြိုင်ပွဲတစ်ခုလည်းဖြစ်ပါကြောင်း၊ ပြိုင်ပွဲဖြစ်သည့်အတွက် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို လိုက်နာယှဉ်ပြိုင် သွားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်အသင်းများ၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအတိုင်း သတ်မှတ်ပြိုင်ပွဲ စည်းမျဉ်းများနှင့်အညီ ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှု အားပေးကြပြီး ဆုရွေးချယ်ရေး ဆပ်ကော်မတီအဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးခြင်းများ ဆောင်ရွက်ကြကာ ဆုရရှိသည့် အသင်းများအား ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဆုများ ချီးမြှင့်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းမိသားစုများ စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ဝန်ထမ်းမိသားစုများ၏ စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းအနီး ရင်ပြင်ကျယ်၌ ကျင်းပသည်။

### ပါဝင်ဆင်နွှဲ

အခမ်းအနားသို့ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ စုံညီစွာ တက်ရောက်ကြပြီး မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို UNESCO ၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း တင်သွင်းခြင်းကို ဂုဏ်ပြုသည့်အနေဖြင့် သနပ်ခါးများ လိမ်းခြယ်၍ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးအဖွဲ့၊ စစ်ဆေးရေးဦးစီးဌာန၊ နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် စီမံရေးရာဦးစီးဌာနစသည့် ပြိုင်ပွဲဝင်အသင်းလေးသင်း၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအတိုင်း တပျော်တပါး ထမနဲထိုးယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

### လိုက်လံကြည့်ရှု

ယင်းနောက် ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများသည် ဝန်ထမ်းမိသားစုများ စုပေါင်းထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းများအား ဂုဏ်ပြုဆုငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# Naypyitaw State Academy ၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

Naypyitaw State Academy တွင် ကျောင်းသားကျောင်းသူများ မြန်မာ့ရိုးရာအစဉ်အလာများကို သိရှိနားလည်သဘောပေါက်၍ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်စေလိုသော ရည်ရွယ်ချက်များဖြင့် တတိယအကြိမ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် Naypyitaw State Academy ၌ ကျင်းပသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲကို ဘာသာရပ်နှင့် ဌာနကိုယ်စားပြုအသင်း ၁၃ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ပထမဆုရရှိသော စီမံ/ဘဏ္ဍာအသင်း၊ ဒုတိယဆုရရှိသော ပထဝီ၊ သမိုင်း၊ လူမှုရေးပညာ၊ အားကစားပညာအသင်းတို့အား ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာနုနုလွင်ကလည်းကောင်း၊ တတိယဆုရရှိသော နိုင်ငံတကာဆက်ဆံရေးပညာအသင်းနှင့် နှစ်သိမ့်ဆု(၁) ရရှိသော ဓာတုဗေဒအသင်းတို့အား ဒုတိယပါမောက္ခချုပ် (သင်တန်း) ဒေါက်တာစိုးစိုးအောင်ကလည်းကောင်း၊ နှစ်သိမ့်ဆု(၂)ရရှိသော စီမံခန့်ခွဲမှုပညာနှင့် စာရင်းအင်းပညာအသင်း၊ နှစ်သိမ့်ဆု(၃)ရရှိသော ဆေးပညာနှင့် ဒဿနိကဗေဒအသင်းတို့အား စာပေနှင့် အနုပညာအသင်းဥက္ကဋ္ဌ ဒေါက်တာဇော်ဝင်းကလည်းကောင်း ဆုများချီးမြှင့်ကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

ထမနဲထိုးပြိုင်ပွဲသို့ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူးများ)၊ သင်တန်းရေးရာနှင့် စီမံရေးရာဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများ ပါဝင်တက်ရောက်အားပေးကြသည်။

**သတင်းစဉ်**

## ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲအခမ်းအနားသို့ပင့်လျှောက်/ဖိတ်ကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်များအား နေ့ဆွမ်းဆက်ကပ်ပွဲ အခမ်းအနားကို မတ် ၁၁ ရက်နှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲအခမ်းအနားကို မတ် ၁၃ ရက်(၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်နေ့) ကြာသပတေးနေ့တွင် နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားများသို့ **"အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ"** ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ကြီးများနှင့် **အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်များကို မတ် ၉ ရက်ထက် မစောဘဲ မတ် ၁၀ ရက်ထက်နောက်မကျစေဘဲ နေပြည်တော်သို့ ကြွရောက်နိုင်ပါရန် ပင့်လျှောက်/ ဖိတ်ကြားထားကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ရွှေတိဂုံစေတီတော်၌ မြန်မာ့ရိုးရာထမနဲလှူဒါန်းပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲ ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲလှူဒါန်းပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ ထန်းပင်ကုန်း၌ ကျင်းပသည်။

ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ထမနဲလှူဒါန်းပွဲတော်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ အလှည့်ကျသဘာပတိ ဦးလှမြင့်နှင့် ဂေါပကအဖွဲ့ဝင်များက ရွှေကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပြိုင်ပွဲဝင်အသင်းပေါင်း ၃၂ သင်း၏ ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဂေါပကအဖွဲ့ဝင်များက ထမနဲထိုးပြိုင်ပွဲ ပထမဆုရအသင်းအား ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုရ အသင်းအား ငွေကျပ် ခုနစ်သိန်း၊ တတိယဆုရ အသင်းအား ငွေကျပ် ခြောက်သိန်း၊ စတုတ္ထဆုရ အသင်းအား ငွေကျပ် ငါးသိန်း၊ ပဉ္စမဆုရအသင်းအား ငွေကျပ် လေးသိန်း၊ နှစ်သိမ့်ဆုနှစ်ဆုအတွက် ငွေကျပ် သုံးသိန်းစီနှင့် ဆုကလပ်များ ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲဝင် အသင်းများ၏ ထမနဲများကို သံဃာတော်များအား ထမနဲဆွမ်းတော်ကြီး လောင်းလှူသွားမည်ဖြစ်သည့်အပြင် အများပြည်သူကို ကုသိုလ်ပြုဝေငှသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းစစ်ဌာနချုပ်အသီးသီး၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မြန်မာတို့၏ (၁၂)လရာသီပွဲတော်များအနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ ထွက်ရှိပြီး ဖူလုံစေသည့်လဖြစ်သော တပို့တွဲလတွင် အဖွဲ့လိုက် စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှုစွမ်းအားကို ဖြစ်စေသော မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများကို နိုင်ငံတစ်ဝန်းတွင်ဒေသအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။ ထို့အတူ တိုင်းစစ်ဌာနချုပ်အသီးသီး၌ အရာရှိ၊ စစ်သည်၊ မိသားစုများကလည်း မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများ ကျင်းပလျက်ရှိသည်။



**ပါဝင်ဆင်နွှဲ**

ထိုသို့ ကျင်းပလျက်ရှိရာ ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ ကျင်းပကြရာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အလိုက် ပြိုင်ပွဲဝင်အသင်းများက မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲများသို့ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့်အသင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ခဲ့သော မင်္ဂလွန်းကျေးရွာ ကုန်ထုတ်လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီတွင် အဆိုပါလမ်းသစ်ရှင်းလင်းဆောင်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးဦးဇော်ဝင်း၊ သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်း၊ မင်္ဂလွန်းကျေးရွာရပ်မိရပ်ဖ ဦးခိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

သန်းဝင်း(သန်လျင်)

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၁**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး) ပထမနှစ်သင်တန်း(၁၁/၂၀၂၄) ကျောင်းသားကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ ဆေးနှင့် ဆေးနီးနွယ် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခ/ ဌာနမှူးများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများက တက္ကသိုလ်၏ တေးဂီတဝိုင်းဖြစ်သော "Bright Smile" အဖွဲ့ဖြင့် တေးသီချင်းများ သီဆိုဖျော်ဖြေခြင်း၊ တက္ကသိုလ်၏ "မန်းဒန္တီ"အငြိမ့်က ဖျော်ဖြေခြင်း၊ တေးသရုပ်ဖော်တင်ဆက်မှုများ၊ ရှမ်းရိုးရာအက၊ ချင်းရိုးရာအကများ၊ King and Queen ရွေးချယ်ခြင်း၊ Mr & Ms Smile (ပြုံးအလှပိုင်ရှင်)ရွေးချယ်ခြင်း၊ ပညာသင်ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကို သက်ဆိုင်ရာဌာနမှူးများက ဆုချီးမြှင့်ခြင်းနှင့် သင်္ကြန်ယိမ်းအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။ **သတင်းစဉ်**



# MRTV လွမ်းချင်း

မြင့်စိုး (နတလ)



ကျွန်တော်သတိရမိသော ပြည်လမ်း MRTV မှ တာဝါတိုင်ကြီး။

**လွမ်းချင်းနှင့် စပ်လျဉ်း၍**

လွမ်းချင်းဟူသော ဝေါဟာရကို သဘောကျသဖြင့် ကျွန်တော် လွမ်းမိတမ်းတမိသမျှ နေရာဒေသများအကြောင်း ဆောင်းပါးရေးသည့်အခါတိုင်း ယခုလိုခေါင်းစဉ်မျိုးပေး၍ ရေးခဲ့သည်ချည်းသာ။ ဓညဝတီလွမ်းချင်း၊ ဟိုမိန်းလွမ်းချင်း၊ မအူပင်လွမ်းချင်း၊ မော်ဖလွမ်းချင်း စသည်ဖြင့်.........။ စင်စစ်သော်ကား သည်စကားလုံးများကို ဆရာမင်းကျော်ထံမှ ကျွန်တော် ငှားသုံးခြင်းဖြစ်ပါသည်။

ဆရာမင်းကျော်၊ ဆရာနတ်နွယ်၊ ဆရာမောင်နေဝင်း၊ ဆရာသုမောင်တို့ စာရေးဆရာအဖွဲ့ ၁၉၇၅ ခုနှစ်မှာ လေးမျက်နှာမြို့ (ငဝန်မြစ်ထဲပါသွားပြီဖြစ်သော မြို့ဟောင်း) သို့ လာရောက်ပြီး စာပေဟောပြောကြသည်။ ထိုမှအပြန် ဆရာမင်းကျော်က လေးမျက်နှာမြို့နယ် မြို့နယ်လုံးကျွတ်စာတတ်မြောက်ခြင်းနှင့် 'အ'သုံးလုံးအောင်ပွဲအထိမ်းအမှတ်ထုတ်ဝေသော မဂ္ဂဇင်းအတွက် စာမူတစ်ပုဒ်ချီးမြှင့်ပေးခဲ့၏။ စာမူခေါင်းစဉ်က **"လေးမျက်နှာလွမ်းချင်း"** ဟူ၍ဖြစ်ပါသည်။ ဆရာ၏ စာမူခေါင်းစဉ်က ကျွန်တော့်ရင်ထဲ၊ အသည်းနှလုံးထဲမှာ စူးစူးနစ်နစ် ဝင်ရောက်နေရာယူထားပေရာ လွမ်းခွင့်ကြုံ၍ ရေးဖြစ်လေတိုင်း ဤသို့ဤပုံ ခေါင်းစဉ်ပေးခဲ့မိချေပြီတမုံ့။

**လွမ်းခဲ့မိသော နှလုံးသားပုံရိပ်များ**

MRTV လွမ်းချင်းဟု ခေါင်းစဉ်ပေးထားသလိုပင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် တာဝန်ထမ်းဆောင်သွားကြသော ဝန်ထမ်းဟောင်းများထဲမှ ခင်မင်ခဲ့ဖူးသူများရော မခင်ဖူးသူများပါ အားလုံးကို ကျွန်တော်လွမ်းသည်။ သူတို့နှင့် ရေစက်ဆုံအောင် ဖန်တီးပေးခဲ့သည့် နတလလုပ်ငန်းများကို ကျွန်တော်လွမ်းသည်။ ရန်ကုန်မှာရှိနေစဉ် မကြာခဏ ခြေချခဲ့ဖူးသည့် ပြည်လမ်းမကြီးဘေးမှ MRTV အဆောက်အအုံများကို ကျွန်တော်လွမ်းသည်။ တစ်ချိန်က ရန်ကုန်မြို့တွင် အမြင့်မားဆုံးဟုပင် တင်စားနိုင်သည့် MRTV တာဝါတိုင်ကြီးကို ကျွန်တော်လွမ်းသည်။ အလွမ်းများက ဒီမှာတင်မဆုံးသေးပါ။ MRTV ကိုသွားတိုင်း အမြဲထိုင်ဖြစ်ခဲ့သည့် ဂိတ်အဝင်နားမှ လက်ဖက်ရည်ဆိုင်လေးလည်းပါသည်။ ထို့ပြင်တစ်ဝ ခင်မင်သူများနှင့် ရံဖန်ရံခါထိုင်ဖြစ်ခဲ့သည့် တာဝါတိုင်ကြီးအနီးမှ ဆိုင်သေးသေးလေးကိုပင် အမှတ်ရမိသေး။ အချိန်ဇယားကို နောက်ပြန်ရစ်ကြည့်၍ ရနိုင်မည်ဆိုပါက လွန်ခဲ့သည့် ၂၅ နှစ်ခန့်တွင် စတင်ရေစက်ဆုံခဲ့သော MRTV ၏ပုံရိပ်များက တဖျပ်ဖျပ်လူးလွန့်နေဆဲ။

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများတွေ့ဆုံပွဲ**

ကိုယ်တွေက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်း မဟုတ်ခဲ့သော်ငြားလည်း မိမိလေးစားခဲ့ရသော၊ ချစ်ခင်ခဲ့ရသော ဌာနအကြီးအကဲများ၊ ဝန်ထမ်းများ၊ အနုပညာရှင်များ ပါဝင်တက်ရောက်ခဲ့သည့်ပွဲမို့ အာရုံစူးစိုက်သွားမိခြင်းမှာ သိပ်ထူးဆန်းလှသည်တော့မဟုတ်ပါ။ ထိုတွေ့ဆုံပွဲကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီအချိန် ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(A)တွင် ကျင်းပပြုလုပ်ခဲ့ကြသည်။ ယင်းသို့ တွေ့ဆုံပွဲမတိုင်မီ လအနည်းငယ်ကပင် ကျွန်တော့်မိတ်ဆွေ ဒေါက်တာထွန်းလင်းအောင် (MRTV၊ ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း)က Facebook မှာ နှိုးဆော်မှုများလုပ်နေသည်ကို တွေ့နေမြင်နေရသည်။ ဘာမဆိုင်ညာမဆိုင် ကိုယ်တိုင်ပင်သွားပြီး တက်ရောက်ချင်စိတ်များ ပေါ်ခဲ့သေး၏။ တက်ရောက်လာသော ဌာနအကြီးအကဲဟောင်း၊ ဝန်ထမ်းဟောင်းများအကြောင်းကိုလည်း နောင်တော်ကြီး ဦးဝင်းကြည် (MRTV၊ ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း) က ပြည့်ပြည့်စုံစုံ ပြန်လည်ဖောက်သည်ချထား၍ သိခွင့်ရခဲ့သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများအသင်း၏ နာယကကြီးများဖြစ်ကြသော ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးခင်မောင်ဌေး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးတင်ဝမ်း၊ အသင်းဥက္ကဋ္ဌ တာဝန်ယူထားသော ညွှန်ကြားရေးမှူး(ငြိမ်း) ဦးမြင့်အောင်တို့အပါအဝင် ဝန်ထမ်းဟောင်းများ၊ လက်ရှိတာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများ တက်ရောက်ကြကြောင်း၊ အသက်အကြီးဆုံးဖြစ်မည်ထင်သော ဆရာဦးတင်မောင် (မြန်မာ့အသံ ရေဒီယိုအစီအစဉ်မှ ကိုဖိုးအေး) ကို သားသမီးများက တွဲခေါ်လာပေးကြောင်း၊ အသက် ၉၀ တန်းသို့ ရောက်လာကြပြီဖြစ်သော နိုင်ငံကျော်တေးသံရှင် အစ်မကြီး ဒေါ်တင်တင်မြ၊ ဒေါ်မူမူမြင့် (ခ) ဒေါ်ဂျယ်နီ၊ သတင်းတင်ဆက်သူ လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) အစ်မကြီး ဒေါ်သန်းသန်းဝင်းနှင့် ဒေါ်နွယ်မာဝင်း၊ ဒေါ်ခင်စမ်းမြင့် (ရုပ်မြင်)၊ ဒေါ်စန်းစန်းယဉ် (ရေဒီယို-မြန်မာ)၊ ဦးရဲလင်း(MI)၊ ကင်မရာဆရာကြီး ဦးတင်ညွန့်၊ ဦးကျော်ရှိန်၊ ဦးစိန်ရုံ၊ ဦးကျော်အေးတို့ တက်ရောက်လာကြောင်း၊ ဦးကျော်စိုးဦးကိုလည်း တွေ့ရကြောင်း၊ သတင်းတင်ဆက်သူ ဒေါ်မေမေဇင်၊ ရေဒီယို EPမှ ဒေါ်ခင်အေးမြင့်တို့အပါအဝင် အသက် ၇၀ တန်းအောက် ဝန်ထမ်းဟောင်းများလည်း လာရောက်ကြကြောင်း၊ မြန်မာ့အသံကို ချစ်မြတ်နိုးသော နိုင်ငံကျော်တေးသံရှင် မောင်သိန်းဝင်း (ဦးသိန်းဝင်း)တို့လည်း ပါဝင်ဆင်နွှဲကြကြောင်း၊ အသင်းအတွက် အလှူငွေများလည်း အသီးသီး ထည့်ဝင်ပေးလှူကြကြောင်း ရေးသားထား၍ မုဒိတာပွားမိပါသည်။

ဝန်ထမ်းဟောင်းများအသင်းမှ ဆေးရုံတက်သူငါးသောင်းကျပ်၊ ကွယ်လွန် တစ်သိန်းကျပ် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ လောလောဆယ် အသင်းဝင်ဦးရေ ၃၀၀ ကျော်ရှိကြောင်းလည်း မှတ်သားလိုက်ရသည်။ ထိုအခမ်းအနားတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က လှူဒါန်းသော ငွေကျပ် ၁၀ သိန်းကို MI ညွှန်ကြားရေးမှူး ဒေါ်လိန်းမောင်းပန်က ပေးအပ်ခဲ့ကြောင်း သိရသည်။

**MRTV သံယောဇဉ်အစ သတင်းထုတ်ပြန်ခြင်းက**

၁၉၉၅ ခုနှစ်မှာ ကျွန်တော် နတလ (နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီရုံး) သို့ ရောက်သည်။ ဦးစီးဌာနဖွဲ့စည်းပုံမကျသေး၊ နတလလုပ်ငန်းကော်မတီရုံး၏ အထူးအရာရှိများအနေဖြင့် နယ်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်ကြရသည်ဖြစ်ပေရာ ကျွန်တော်က ၁၉၉၅ ခုနှစ်တွင် ကိုးကန့်ဒေသ၊ 'ဝ' ဒေသများသို့လည်းကောင်း၊ ၁၉၉၆ ခုနှစ် တစ်နှစ်လုံး MTA အဖွဲ့ လက်နက်စွန့်ခဲ့သည့် ဟိုမိန်း၊ မုံးထော်/ မုံးထဒေသများသို့လည်းကောင်း သွားရောက်တာဝန်ထမ်းဆောင်ခဲ့ရသည်။ ထိုမှ ရုံးချုပ်သို့ ပြန်ရောက်ပြီးနောက် ၁၉၉၈ ခုနှစ်မှစ၍ ဦးစီးဌာနနှင့် နယ်စပ်/စည်ပင်ဝန်ကြီးဌာန၏ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့ရသည်ဖြစ်ရာ MRTV၊ မြဝတီ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတိုက်များ၊ The New Light of Myanmar တို့နှင့် မပြတ်ထိတွေ့ဆက်ဆံခဲ့ရသလို တပ်မတော်ခန်းမ၊ တပ်မတော်စစ်သမိုင်းပြတိုက်၊ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်များရှိ ပြခန်းပြကွက်များနှင့်လည်း မိတ်ဖက်ဖြစ်ခဲ့ရသည်။ ထိုလုပ်ငန်းများနှင့် အံဝင်ခွင်ကျ ဖြစ်သွားရခြင်းအကြောင်းရင်းမှာ နတလသို့ ကူးပြောင်းမလာခင် တပ်မတော်သားဘဝဖြင့် တာဝန်ထမ်းဆောင်ခဲ့ရသည့်ဌာန၏ ကျေးဇူးကြောင့်ဖြစ်ပါလိမ့်မည်။

ကကနယ်(ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး) မှာ တာဝန်ထမ်းဆောင်စဉ် ကကပြည် (ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး)နှင့်တွဲ၍ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်သိန်း (နောင်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး)က တာဝန်ယူထားသဖြင့် ကကပြည်မှ စာရေးဆရာ ဒါရိုက်တာ တင်သန်းဦး (ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦး)၊ ကိုမြသန်းစံ၊ ပျဉ်းမနားမြင့်လှိုင်တို့နှင့် နီးနီးကပ်ကပ်နေခွင့်ရခဲ့သည်။ အဘဦးကျော်ဆန်း (စာရေးဆရာ သုခိအောင်)၊ အဘ ဦးသိန်းစိန် (ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး)၊ တက္ကသိုလ်မြတ်သူ၊ ဗိုလ်မှူးကြီးရဲထွဋ် (တပ်မတော် စစ်သမိုင်းပြတိုက်) တို့၏ဆောင်းပါးအာဘော်များကိုလည်း လေ့လာခွင့်ရခဲ့သည်။ ထို့ကြောင့် ကကနယ်မှအစပြုသော စာရေးခြင်းဝါသနာသည် နတလသို့ပါလာခဲ့လေရာ မြင့်စိုး(နတလ)ကလောင်ဖြင့် စာရေးသလို ပြန်ကြားရေးလုပ်ငန်းများကိုလည်း ထမ်းဆောင်ခဲ့ပါသည်။

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်သင့်၏ သတင်းများမထုတ်ခဲ့ရသော်လည်း ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် လက်ထက်မှစ၍ ဝန်ကြီးဌာန၊ ဦးစီးဌာန၏သတင်းများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလေ့လာရေးအဖွဲ့များ၏ သတင်းများ၊ သင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် နယ်စပ်ဒေသတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၏ သတင်းများကို ထုတ်ပြန်ခဲ့ရသည်။ E-mail၊ G-mail ခေတ်မဟုတ်၍ မာဇဒါဂျစ်ကို ကိုယ်တိုင်မောင်းပြီး MRTV သို့

**စာမျက်နှာ ၁၁ သို့** ☆

❝ MRTV လွမ်းချင်းဟု ခေါင်းစဉ်ပေးထားသလိုပင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် တာဝန်ထမ်းဆောင်သွားကြသော ဝန်ထမ်းဟောင်းများထဲမှ ခင်မင်ခဲ့ဖူးသူများရော မခင်ဖူးသူများပါ အားလုံးကို ကျွန်တော်လွမ်းသည်။ သူတို့နှင့် ရေစက်ဆုံအောင် ဖန်တီးပေးခဲ့သည့် နတလလုပ်ငန်းများကို ကျွန်တော်လွမ်းသည်။ ရန်ကုန်မှာရှိနေစဉ် မကြာခဏ ခြေချခဲ့ဖူးသည့် ပြည်လမ်းမကြီးဘေးမှ MRTV အဆောက်အအုံများကို ကျွန်တော်လွမ်းသည်။ တစ်ချိန်က ရန်ကုန်မြို့တွင် အမြင့်မားဆုံးဟုပင် တင်စားနိုင်သည့် MRTV တာဝါတိုင်ကြီးကို ကျွန်တော်လွမ်းသည်။ အချိန်ဇယားကို နောက်ပြန်ရစ်ကြည့်၍ ရနိုင်မည်ဆိုပါက လွန်ခဲ့သည့် ၂၅ နှစ်ခန့်တွင် စတင်ရေစက်ဆုံခဲ့သော MRTV ၏ ပုံရိပ်များက တဖျပ်ဖျပ်လူးလွန့်နေဆဲ ❞

☆ စာမျက်နှာ ၁၀ မှ

သတင်းခွေပို့ရသော၊ သတင်းစာတိုက်များသို့ သတင်းစာသားနှင့် ဓာတ်ပုံများ လှည့်လည်ပို့ရသော (သတင်းစဉ်သို့ ပေးထားပြီးဖြစ်ပါလျက် ပိုမိုသေချာစေရန်အတွက် ဖြစ်ပါသည်) အချိန်ကာလတစ်ခုဖြစ်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ပြည်လမ်းပေါ်မှ MRTV သည်လည်းကောင်း၊ ဖိုးစိန်လမ်းထဲမှ မြန်မာ့အလင်းသတင်းစာတိုက်သည် လည်းကောင်း၊ မဟာဗန္ဓုလလမ်းပေါ်ရှိ ကြေးမုံသတင်းစာတိုက်သည်လည်းကောင်း၊ ကမ်းနားလမ်းရှိ The New Light of Myanmar သတင်းစာတိုက်သည် လည်းကောင်း အိမ်ဦးနှင့်ကြမ်းပြင်ပမာ ဝင်ထွက်သွားလာခဲ့ရသော နေရာများ ဖြစ်လာခဲ့ပါသည်။

**သီချင်းနှင့် အကများ ရိုက်ကူးခဲ့ကြ**

နတလဝန်ထမ်းဘဝက နယ်စပ်ဒေသမှ တိုင်းရင်းသားလေ့လာရေးအဖွဲ့များ လာရောက်လေ့လာချိန်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ပို့ဆောင်လေ့လာစေရုံသာဖြစ်သည်။ သို့သော် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်သို့ လာရောက်ဆင်နွှဲကြသော တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအတွက်မူ သင်္ကြန်ယိမ်းအကများအပြင် ၎င်းတို့၏ တိုင်းရင်းသားရိုးရာသီချင်းနှင့် အကများကိုပါ MRTV၊ မြဝတီတို့၌ ရိုက်ကူး၍ သင်္ကြန်ကာလအတွင်း ထုတ်လွှင့်ပြသပေးခဲ့ရာ ရိုက်ကူးရေးအတွေ့အကြုံများကိုပါ ကြည့်ရှုလေ့လာခွင့်ရခဲ့သည်။ တည်းဖြတ်ခြင်းလုပ်ငန်းများကိုလည်း တွေ့မြင်လာရသည်။

သတင်းတည်းထုတ်ရာ၌ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က "ဘယ်အရုပ်ဘယ်ကတ်ကိုတော့ဖြင့် ပါအောင်ထည့်ပေးပါ"ဟု ဆိုလာလျှင် ၎င်း၏ သူငယ်ချင်းဖြစ်သူ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးထံ သတင်းပို့ခွင့်တောင်း၍ တည်းဖြတ်ခန်းထဲမှာ လိုက်ထိုင်ပြီး အရုပ်ပြပေးရင်း Liner တည်းဖြတ်စက်များ၏ တဖြောင်းဖြောင်းသံစဉ်များနှင့် ယဉ်ပါးခဲ့ရသည်။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား အစီအစဉ်များစွာကို ထုတ်လုပ်ခဲ့သော ဦးဖုန်းမြင့်အောင်၊ နယ်စပ်ဒေသအစီအစဉ်များစွာကို တင်ဆက်ခဲ့သူ ဦးစံဝင်းတို့ကအစ PD များဖြစ်ကြသော ဦးရွှေဦး၊ ကိုကျော်ကျော်၊ ကိုသန်းစိန်ဦး၊ ကိုဉာဏ်မျိုးလွင်၊ ကိုထွန်းနိုင်မောင်တို့နှင့် ရင်းနှီးခဲ့သည်။ ကိုစံဝင်းတို့ကို အားကျပြီး နယ်စပ်ဖွံ့ဖြိုးရေးဆိုင်ရာ စာမူများကို ကိုယ်တိုင်ရေးကာ ရုပ်မြင်သံကြားအစီအစဉ်များ တည်းဖြတ်ထုတ်လုပ်ခဲ့ဖူးသဖြင့် ထိုစဉ်က တည်းဖြတ်ပေးခဲ့ကြသော ခင်အေးပွင့်၊ သူသူအေး၊ စန်းစန်းလှိုင်၊ အေးအေးမြင့်တို့အုပ်စုကိုလည်း အမှတ်ရမိပါသည်။

**လက်ဖက်ရည်ဆိုင်လေးထဲမှ မေ့မရသောပုံရိပ်များ**

ပြည်လမ်း MRTV အဝင်ဝမှာ လက်ဖက်ရည်

**❝ ဆယ်စုနှစ်တစ်စုမျှ ခင်မင်ရင်းနှီးခွင့်ရခဲ့သော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ကျွန်တော်ချစ်သည်။ ဆုံခဲ့ဖူးသော အနုပညာရှင်များနှင့် ၎င်းတို့၏ အနုပညာစွမ်းပကားကို ကျွန်တော်လေးစားသည်။ ကွယ်လွန်သွားကြပြီဖြစ်သော ဝန်ထမ်းဟောင်းများကို သတိရမိသကဲ့သို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများအသင်း ခိုင်ခိုင်မာမာရပ်တည်နိုင်ရန်အတွက်လည်း ဗောစေတနာရည်သန်မိ ❞**



ဝန်ထမ်းဟောင်းများတွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

ဆိုင်လေးတစ်ဆိုင်ရှိခဲ့ဖူးသည်။ ကျွန်တော်ရောက်တိုင်းထိုင်ဖြစ်သည်။ ထိုဆိုင်လေးထဲတွင် မကြာခဏတွေ့မြင်ခဲ့ရသည့် ဂီတအနုပညာရှင်ကြီးများမှာ တေးသံရှင်ကြီး ဦးမင်းနောင်(ကွယ်လွန်)၊ တေးရေးဆရာ၊ စာရေးဆရာ ပျဉ်းမနား(ဦး)မြင့်လှိုင်(ကွယ်လွန်)၊ ကဗျာဆရာ မောင်ဟေမာ(ခ) တေးသံရှင်အလင်္ကာဝတ်ရည် ဦးမောင်မောင်အေး(ကွယ်လွန်)၊ တေးသံရှင်(ဦး)တင်ဦးလေး၊ ကေတု(ဦး)ဝင်းထွဋ်တို့အုပ်စု ဖြစ်ပါသည်။ သူတို့နှင့်တန်းတူပြောဆိုဆွေးနွေးနိုင်မည့် အနုပညာဝမ်းစာ ကျွန်တော့်တွင်မရှိ၊ ဘေးကနေငေးကြည့်နားထောင်ရင်း မှတ်သားစရာတော်တော်များများကို ကြားနေရသည်။

အထူးသဖြင့် သီချင်းကိစ္စ၊ တေးသံသွင်းကိစ္စများပင်ဖြစ်ပါသည်။ ပျဉ်းမနားကြီးကိုမူ ကကပြည်၊ ကကနယ်မှာ နေစဉ်ကတည်းက လုပ်ဖော်ကိုင်ဖက် နောင်တော်ကြီးတစ်ဦးဖြစ်၍ ရင်းနှီးပါသည်။ သူ့သား ကိုမိုးမင်းလှိုင်သည်ပင်လျှင် ထိုအချိန်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှာ တာဝန်ထမ်းဆောင်နေပေပြီ။ ရေဒီယိုတစ်ခေတ်က ပျဉ်းမနားမြင့်လှိုင် ရေးစပ်သီကုံးပြီး အစ်မကြီးဒေါ်ညွန့်ညွန့်စိန် သီဆိုထားသည့် "ခရေပင်အောက်က ပိတောက်ချစ်သူ" သီချင်းကို ကျွန်တော် အလွန်ကြိုက်ခဲ့ပါသည်။ လက်ဖက်ရည်ဆိုင်လေးနှင့် မလှမ်းမကမ်းတွင် ရေဒီယိုဘက်က တိုင်းရင်းသူလေးများကို နေရာချထားပေးသည့် တစ်ထပ်မြေစိုက်ဝန်ထမ်းဆောင်လေး ရှိနေပါသည်။

ယခုလို ပြည်ထောင်စုနေ့နီးလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးတည်သော ဂုဏ်ပြုရုပ်သံအစီအစဉ်များ ရိုက်ကူးထုတ်လွှင့်တတ်လေရာ ထိုအဆောင်လေးသည် ဒါရိုက်တာ ကိုမျိုးအေး၏ ရိုက်ကွင်းတည်နေရာတစ်ခု ဖြစ်ခဲ့ဖူးသည်။ ကင်မရာမင်း ကိုကျော်လွင် (ယခု ဦးစီးအရာရှိ) တို့ပင်လျှင် ပါဝင်သရုပ်ဆောင်ကြသည်ကို အမှတ်ရမိသေးတော့။ ထိုလက်ဖက်ရည်ဆိုင်လေးထဲမှာ ဦးဟန်မြင့်တို့အဖွဲ့နှင့်လည်း ဆုံခဲ့ဖူးသည်။ ရံဖန်ရံခါတွင်မတော့ အစ်မကြီး ဒေါ်တင်တင်မြ၊ ဒေါ်သန်းသန်းဝင်းတို့ကို တွေ့ရတတ်၏။

**သုံးထပ်ဆောင်ကိုလည်း သတိရသည်**

ထိုစဉ်က သတင်းတစ်ပုဒ်ထုတ်လျှင် သုံးထပ်ဆောင်ကို အရင်သွားရသည်။ ညွှန်ကြားရေးမှူး (ရုပ်မြင်)နှင့်အရင်တွေ့၊ သူ့ဆီက အတည်ပြုချက်နှင့် သတင်းခန်းကိုသွား၊ သတင်းခန်းတာဝန်ရှိသူများက သတင်းကို လိုသလို စိစစ်ဖြတ်တောက်ပြီးနောက် Edit လုပ်မည့် PD ထံ ချပေး၊ လိုအပ်လျှင် သူ့ဘေးက ဝင်ထိုင်ပြီး အရုပ်ပြပေးရသည်။ သတင်းတစ်ပုဒ်ပါဖို့ရာအတွက် ဤမျှလောက်ထိ အားထည့်နေသောအခါ "မောင်လေးရေ နင်တို့ဟာ လွန်လွန်းတယ်နော်"ဟု အစ်မကြီး ဒေါ်သန်းသန်းဝင်း၏ ဩဘာပေးခြင်းခံရတော့သည်။ ချစ်ဖွယ်ကောင်းသော အစ်မကြီးများကို ယနေ့တိုင်မမေ့ပါ။

ညွှန်ကြားရေးမှူး(ရုပ်မြင်) ဦးဖုန်းမြင့်နှင့် သိပ်မဆုံလိုက်သော်လည်း သူ့နောက်မှာ ညွှန်ကြားရေးမှူးများဖြစ်လာကြသည့် ဦးဝင်းကြည်၊ ဦးမြင့်ဦးတို့နှင့် ရင်းနှီးခဲ့ရသည်။ သုံးထပ်ဆောင်အပေါ်ထပ်မှာ ထိုင်သည်။ အောက်ထပ်ကို ဝင်သွားလိုက်သည်နှင့် ဆရာဦးစိန်ရဲ၏ တပည့်များဖြစ်သော ရိုက်ကူးရေးအဖွဲ့ကင်မရာမင်းများကို တရုန်းရုန်းတွေ့ရသည်။ သတင်းအရုပ် စပြီးရိုက်ကတည်းက Edit လုပ်၍ ရိုက်တတ်သော ဦးတင်မောင်နှင့် ဦးရွှေသိန်း၊ ဦးထွန်းထွန်း (ကုလားကြီး) တို့မှာ ကွယ်လွန်သွားပြီဖြစ်ကြောင်း သိရသည်။ ထိုထွန်းနိုင်မောင် (ယခု AD)၊ ကိုအောင်ဝင်း (ယခု AD)၊ ကိုကျော်လွင် (ယခု ဦးစီးအရာရှိ) တို့ တာဝန်ထမ်းဆောင်ဆဲဖြစ်ကြောင်း သိရ၏။

ကိုချက်မောင်နူ တစ်ယောက်လည်း လေဖြန်းပြီး ကျန်းမာရေးမကောင်းဟုသိရသလို ကျွန်တော်တို့နှင့်အတူ တိုင်းရင်းသားကျေးရွာသီချင်းကို ရိုက်ကူးပေးခဲ့သော ကိုထင်လင်းတစ်ယောက်လည်း ပင်စင်ယူသွားပြီဖြစ်ကြောင်း သိရသည်။ ဆရာဂီတစာဆို အလင်္ကာကျော်စွာ ဟသ်ာတဦးမြင့်ဌေ ရေးစပ်သီကုံးပြီး တေးသံရှင် ရတနာဦး သီဆိုထားသော **"ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ"** သီချင်းကို သရုပ်ဆောင် ရတနာခင်နှင့် ရိုက်ကူးခဲ့ခြင်းဖြစ်၏။ ထိုသီချင်းကို တိုင်းရင်းသားကျေးရွာနှင့် သန်လျင်တံတားကြီးပေါ်မှာ ရိုက်ကူးစဉ် ဆရာဦးမြင့်ဌေနှင့် သူ့ဇနီး အစ်မ ဒေါ်တင်တင်အေး (တက္ကသိုလ်ချိုလတ်)တို့က လိုက်ပါကူညီပေးခဲ့သည်ကို အမှတ်ရမိ၏။ PD ကိုကျော်ကျော် (ယခု AD)က တည်းဖြတ်ထုတ်လွှင့်ပေးခဲ့ပါသည်။ သုံးထပ်ဆောင် အလယ်ထပ်မှာ ဆရာဦးလှဝင်းနှင့် နိုင်ငံခြားရုပ်ရှင်များ ဆင်ဆာတင်ပေးနေသည့် ဦးစတီဗင်စိန်ညွန့်တို့ကိုလည်း တွေ့ရ၏။

**MRTV ၏ အသံပါရမီရှင်များ**

ပြီးခဲ့သည့် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် နောင်တော်ကြီး ဦးဝင်းကြည်၏ Facebook မှာ နာရေးသတင်းတစ်ပုဒ်ကို တွေ့လိုက်ရသည်။ သူက မမစမ်းဟု ခေါ်နေသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းဟောင်း ဒေါ်ခင်စမ်းမြင့်၏ နာရေးသတင်းဖြစ်သည်။ ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့ကမှ ကျင်းပပြုလုပ်ခဲ့သော MRTV ဝန်ထမ်းဟောင်းများ တွေ့ဆုံပွဲအခမ်းအနားတွင် မမစမ်း(ခ)ဒေါ်ခင်စမ်းမြင့်၏ ဓာတ်ပုံများကို တွေ့လိုက်ရသေး၏။ ယခုမူ မျက်စိတစ်မှိတ်လျှပ်တစ်ပြက် တစ်ခဏတာအတွင်းမှာပင် သူချစ်သော MRTV အသိုက်အဝန်းကြီးကို ခွဲခွာသွားရရှာပေပြီ။ ကျွန်တော်နှင့် ခင်မင်ခဲ့ဖူးခြင်းမရှိသည့်တိုင် ကြားရသည်နှင့် စိတ်မကောင်းဖြစ်မိပါသည်။ မခင်သော်လည်း အသံပါရမီရှင်တစ်ယောက်အဖြစ် ကျွန်တော်လေးစားသည့်အထဲမှာ ဒေါ်ခင်စမ်းမြင့် ပါဝင်ပါသည်။

ရုပ်ရှင်အကယ်ဒမီ ထူးချွန်ဆုပေးပွဲအခမ်းအနားများတွင် ဆရာဦးဝင့်အောင်နှင့် ဒေါ်ခင်စမ်းမြင့်တို့၏ အသံများက နှစ်ပေါင်းများစွာ လွှမ်းမိုးထားနိုင်ခဲ့သည်ဆိုလျှင် မှားမည်မထင်ပါ။ လွှမ်းမိုးနိုင်သော အရည်အချင်းနှင့် ပြည့်စုံကြသည်ကိုလည်း သူတို့၏အသံကို နားထောင်ဖူးသူတိုင်းက အပြည့်အဝထောက်ခံကြမှာ သေချာသည်။ ရုပ်ရှင်အကယ်ဒမီ ဇာတ်ဝင်ခန်းတစ်ခုချင်းအလိုက် အဘယ်ကြောင့် အကယ်ဒမီပေးသင့်သည်ကို ရှင်းလင်းပြောကြားရာတွင် လေယူလေသိမ်းကအစ အဆွဲအငင်၊ အရစ်အဝိုက်၊ အဖိအဖော့တို့ဖြင့် ပရိသတ်၏ အသည်းနှလုံးကို သိမ်းကျုံးညှို့ယူဖမ်းစားနိုင်သော အသံပါရမီရှင်များ ဖြစ်ကြသည်။

ဦးဝင့်အောင်ကတော့ မြန်မာ့အသံ ဦးဇော်ဝင်း (အဘဇော်ဝင်း) ထံမှ ပညာကုန်ရလိုက်ကြောင်း သိရသည်။ အဘဇော်ဝင်း ဆိုသည်မှာလည်း ကျွန်တော်တို့ ငယ်စဉ်ကတည်းက နားထောင်ခဲ့ရသည့် ဇာတ်လမ်းပမာနားဆင်စရာကဏ္ဍ၏ အရှင်သခင်၊ အသံဘုရင်ဖြစ်သည်။ နားထောင်နေသူကို မျက်ရည်ကျလောက်အောင်အထိ ပြောနိုင်စွမ်းရှိသည်။ တစ်ဦးနှင့်တစ်ဦး လက်ဆင့်ကမ်း အမွေပေးကြရင်းဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ဂုဏ်ကို ဆောင်ခဲ့ကြသည့် ဝန်ထမ်းများစွာ၊ ပါရမီရှင်များစွာ ရှိပါသေးသည်။

စီမံကွပ်ကဲမှုကောင်းသော ဒေါ်နီနီနေဝင်း၊ ဒေါ်ခင်မျိုးဝင်းတို့ကို တွေ့ခဲ့ရသလို မြန်မာ့အသံဦးသစ္စာဟု နာမည်ရခဲ့သော ဦးဝင်းကြည်ကိုလည်း မြင်ဖူးခဲ့သည်။ ဒေါ်သန်းသန်းဝင်း၊ ဒေါ်ခင်မလေး၊ ဒေါ်နွယ်မာဝင်း မျိုးဆက်မှသည် ဒေါ်ခင်မိုးဥ၊ ဒေါ်ခင်စန္ဒာမြင့်၊ ဒေါ်မေသူ၊ ဒေါ်အိအိလွင်၊ ဒေါ်ဆွေဇင်ထားအစရှိသည့် မျိုးဆက်များ၊ ဦးလှဝင်း၊ ဦးသိန်းလှမော်၊ ဦးဝင်းတင်၊ ဦးကျော်စိုးဦးမှ သည်ဘက်ခေတ်မျိုးဆက်များ ထွန်းပေါက်ခဲ့ကြပါသည်။

PD ဘက်မှ ဒေါ်သီတဂူဇေယျ၊ TC ခန်းက ဒေါ်အိအိချော၊ မှတ်တမ်းတိပ်ခွေထိန်းသိမ်းရေးဌာနမှ ဒေါ်ခင်စန္ဒာအောင်၊ ချစ်စရာ့အရွယ်ကစားကြမယ်နှင့် စားကြမယ်ဟော့ကောင်းကောင်း ဖန်တီးရှင် ဒေါ်သီလွှာစိုး၊ နယ်စပ်သင်္ကြန်သီချင်းများ သီဆိုပေးခဲ့သူ ခင်နန်းယုထွေးတို့ကအစ အားလုံးကို သတိရမိပါသည်။

**(၇၉) နှစ်မြောက် နှစ်ပတ်လည်နေ့ဆန္ဒမွန်**

စင်စစ်သော်ကား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြည်သူချစ်အနုပညာရှင်များဖြစ်ကြသော ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ဟာသလောကသားများ၏ ကွန်းခိုရာ ဘူမိနက်သန် နေရာမှန်တစ်ခု၊ အနုပညာ၏ စွမ်းပကားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်သယ်ပိုးထမ်းရွက်နေသော နေရာတစ်ခု၊ ကိုယ်ကျိုးမဖက် ပြည်သူအတွက် ပေးဆပ်နေသော ဝန်ထမ်းများ၏ မေတ္တာ၊ စေတနာ၊ သဒ္ဓါကို ထင်ဟပ်ပေါ်လွင်အောင် ဖော်ထုတ်ပြသနေသည့်နေရာတစ်ခု ဖြစ်ပေသည်။

ဆယ်စုနှစ်တစ်စုမျှ ခင်မင်ရင်းနှီးခွင့်ရခဲ့သော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ကျွန်တော်ချစ်သည်။ ဆုံခဲ့ဖူးသော အနုပညာရှင်များနှင့် ၎င်းတို့၏အနုပညာစွမ်းပကားကို ကျွန်တော်လေးစားသည်။ ကွယ်လွန်သွားကြပြီဖြစ်သောဝန်ထမ်းဟောင်းများကို သတိရမိသကဲ့သို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများအသင်း ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရန်အတွက်လည်း ဗောစေတနာရည်သန်မိပါသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့်လည်း (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့မှသည် နှစ်ပေါင်းရာထောင်ချီ၍ နိုင်ငံနှင့် ပြည်သူအကျိုးအတွက် ဆတက်ထမ်းပိုးတိုး၍ တိုး၍ ထမ်းရွက်နိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုရင်း လွမ်းချင်းဖွဲ့လိုက်ရပါသည် MRTV။ ။

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့အစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။

အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ (၁၃)ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာနှင့် ပတ်သက်သည့် အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group–APJG) မျက်နှာချင်းဆိုင် အစည်းအဝေးတက်ရောက်ပြီး ရလဒ်ကောင်းတစ်ခုအနေဖြင့် မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျန်ရှိနေသည့် အစီအမံ (Action Plan)အချက်များအနက် တိုးမြှင့်



ရရှိခဲ့သည့်အချက်များ၊ ကျန်ရှိနေသည့်အချက်များနှင့် FATF ၏ မျက်နှာစုံညီအစည်းအဝေးတွင် ဆွေးနွေးမည့်အချက်များကို ကြိုတင်ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းအဖွဲ့ဝင်များက FATF ၏ Recommendation အရ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သွားမည့်အချက်များ၊ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများမှ Financial Investigation များကိုပါ Parallel ဆောင်ရွက်ခြင်းဖြင့် Proceed of Crime များကို ပိုမိုပူးပေါင်းဖော်ထုတ်သွားမည့် လုပ်ငန်းစဉ်များ၊ ဌာနအလိုက် ရယူလိုသည့် နည်းပညာအကူအညီများနှင့် ယခုလအတွင်း ပြုလုပ်မည့် FATF ၏ မျက်နှာစုံညီ အစည်းအဝေးတွင် ဆွေးနွေးပြောကြားမည့်အချက်များကို ကြိုတင်ညှိနှိုင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဆိုင်ရာ လုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

**သတင်းစဉ်**

# မြန်မာ့သနပ်ခါးကို UNESCO ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်သို့ အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် “မြန်မာ့သနပ်ခါးနေ့” အထိမ်းအမှတ်လှုပ်ရှားမှုအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မြန်မာ့သနပ်ခါးကို UNESCO ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Representative List of The Intangible Cultural Heritage of Humanity) သို့ အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် အကြိုလှုပ်ရှားမှုနှင့် တပို့တွဲလပြည့်နေ့တွင် သတ်မှတ်ထားသည့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့တွင် ကျရောက်သည့် “မြန်မာ့သနပ်ခါးနေ့” အထိမ်းအမှတ် အကြိုလှုပ်ရှားမှုတို့ကို ယနေ့တွင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မူလတန်းလွန်ကျောင်း (ညောင်ပင်ကြီးစု)မှ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ Honey Tree ကိုယ်ပိုင် မူလတန်းကျောင်းမှ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ဆင်နွှဲကြသည်။

အခမ်းအနားတွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) စာကြည့်တိုက်မှူးများက မြန်မာ့သနပ်ခါး၏ သမိုင်းကြောင်းနှင့် အစဉ်အလာ ယဉ်ကျေးမှုများ၊ မြန်မာ့သနပ်ခါး၏ အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောခြင်း၊ မြန်မာ့သနပ်ခါးနှင့်သက်ဆိုင်သည့် စာအုပ်စာတမ်းများ ခင်းကျင်းပြသခြင်း၊ မြန်မာ့သနပ်ခါးနှင့် သက်ဆိုင်သည့် ဗီဒီယိုမှတ်တမ်း ပြသခြင်း၊ မြန်မာ့သနပ်ခါးနှင့် ဆက်စပ်သည့် အကြောင်းအရာများ ရှာဖွေနိုင်သည့် Website Link များ စီစဉ်ထားရှိခြင်း၊ မြန်မာ့သနပ်ခါးအကြောင်း ပုံဖော်ရေးသားထားသည့် ကဗျာများရွတ်ဆိုခြင်း၊ ကျောင်းသား ကျောင်းသူများက



သနပ်ခါးကဗျာ ရွတ်ဆိုသရုပ်ပြခြင်း၊ ကျောင်းသား ကျောင်းသူများအား မြန်မာ့သနပ်ခါးများ လိမ်းခြယ်ပေးခြင်းနှင့် ကိုယ်တိုင်လိမ်းခြယ်စေခြင်း စသည်တို့ကို ဆောင်ရွက်ကြသည်။

ထို့အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနအောက်ရှိ အမျိုးသားပြတိုက်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်များတွင် မြန်မာ့သနပ်ခါးနေ့အထိမ်းအမှတ်လှုပ်ရှားမှုများကို သနပ်ခါးရက်သတ္တပတ် (Thanakha Week) သို့မဟုတ် သနပ်ခါးလ (Thanakha Month) အနေဖြင့် ဖေဖော်ဝါရီလတစ်လလုံး ဆောင်ရွက်လှုပ်ရှားကြရန် နှိုးဆော်တိုက်တွန်းထားကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဇင်မင်းထက် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ တက်ရောက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဇီးဖြူပင်၌ ကျင်းပသည်။

ဦးစွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဇီးဖြူပင်မှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လူငယ်များ ပညာရည်မြင့်မားရေး၊ ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးစသည့် လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို ဦးတည်ချက်များချမှတ်ပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များချမှတ်ပြီး သက်မွေးပညာပေးသင်တန်းများ၊ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများ၊ လူငယ်လေ့လာရေးအစီအစဉ်များ စသည်တို့အပြင် မသန်စွမ်းလူငယ်များ အပါအဝင် လူငယ်များအတွက် အသက်မွေးဝမ်းကျောင်း ပညာသင်စရိတ် ချီးမြှင့်ပေးခြင်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျောင်းသားလူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး နိုင်ငံတော်က အားထားရသည့် နိုင်ငံ့သားကောင်းလူငယ်များ ဖြစ်လာစေရေးအတွက် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်ပြီး နေပြည်တော် လူငယ်ရေးရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက အမှာစကားပြောကြားပြီး စာရေးဆရာရေနံ့သာမောင်ကျော်ညွန့်က “နေရာအလိုက်တန်ဖိုး” ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြော၍ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဇီးဖြူပင်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အကြည်စန်းထံသို့ အားကစားပစ္စည်းများနှင့် စာအုပ်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက စာရေးဆရာ ရေနံ့သာမောင်ကျော်ညွန့်အား အမှတ်တရ ဂုဏ်ပြု လက်ဆောင်များကိုလည်းကောင်း ပေးအပ်ကြသည်။

ဆက်လက်ပြီး ကျောင်းသားလူငယ်များအား လူငယ်ရေးရာ ဉာဏ်စမ်း ပဟေဠိမေးခွန်းမေးမြန်းဖြေကြားသည့် အစီအစဉ်ကို ဆောင်ရွက်ခဲ့ကြပြီး ဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက အမှတ်တရ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လာနီညာ အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာအခြေအနေတွင် ရှိနေသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သင်္ချာပုံစံပြု မော်ဒယ်လ်များ ခန့်မှန်းချက်အရ ဖေဖော်ဝါရီလအတွင်း အားအနည်းငယ်ရှိသော လာနီညာအခြေအနေတွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ် ဖြစ်သော်လည်း အဆိုပါ လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများတိုက်ခတ်ခြင်း၊ ညအပူချိန်များ အနည်းငယ်လျော့နည်းခြင်းနှင့် မိုးရွာသွန်းမှု မှုမမှန်ခြင်းစသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။ လာနီညာဖြစ်ပေါ်မှုနှင့် ပတ်သက်သည့်အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ဆက်လက် ထုတ်ပြန်ပေးပို့သွားမည်ဖြစ်သည်။

**မိုး/ဇလ**

# (၇၈) နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပထမအကြိမ် MMC စာအုပ်စာပေနှင့် ပန်းချီအရောင်းပြပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

(၇၈) နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပထမအကြိမ် MMC စာအုပ်စာပေနှင့်ပန်းချီအရောင်းပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မြဝတီမီဒီယာစင်တာ (MMC)၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားမှူးက (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပထမအကြိမ် MMC စာအုပ်စာပေနှင့် ပန်းချီအရောင်းပြပွဲဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ထပ်ဆင့်အကယ်ဒမီ ဒါရိုက်တာ ပန်းချီစိုးမိုး၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးသစ်လွင်၊ ဦးကိုကို(စက်မှုတက္ကသိုလ်)၊ ကျော်ကျော်သန်း(မဟာဝိဇ္ဇာ)နှင့် တေးသံရှင် ဦးသန်းမြတ်စိုးတို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများသည် မိုးကျော်စာပေဖြန့်ချိရေး၊ စောဦးစာပေဖြန့်ချိရေး၊ မြဝတ်ချိုစာပေဖြန့်ချိရေး၊ တံခွန်တိုင် စာပေဖြန့်ချိရေး၊ ရဲတံခွန်စာပေဖြန့်ချိရေး၊ နွယ်ပိုးအိမ် စာပေဖြန့်ချိရေး၊ အောင်ကျော်စာပေဖြန့်ချိရေး၊ အလင်းတန်း စာပေဖြန့်ချိရေးနှင့် မြဝတီစာပေတိုက်တို့ အပါအဝင် စာအုပ်ဆိုင်ပေါင်း ၁၀ ဆိုင်ကျော်မှ ဘာသာပြန် အတ္ထုပ္ပတ္တိ၊ ဝတ္ထု၊ ဆောင်းပါး၊ ပညာရေး၊ ကျန်းမာရေး၊ အောင်မြင်ရေး၊ တိုင်းရင်းဆေး၊ ရှားပါးစာပေများ အပါအဝင် စာအုပ်ပေါင်း သုံးသောင်းခွဲကျော်ကို ခင်းကျင်းပြသရောင်းချနေမှုကိုလည်းကောင်း၊ ပန်းချီဆရာ ဆရာအောင်သွျှံဝိုင်း၊ မောင်တည်တံ့၊ သက်နိုင်ဝင်း၊ သရုပ်ဆောင် ယဉ်လတ်အပါအဝင် ပန်းချီဆရာ လေးဦး၏ ပန်းချီကားအနုပညာ လက်ရာပေါင်း ၁၀၀ ကျော် ခင်းကျင်းပြသနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။




ထပ်ဆင့်အကယ်ဒမီ ဒါရိုက်တာ ပန်းချီစိုးမိုး၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးသစ်လွင်၊ ဦးကိုကို(စက်မှုတက္ကသိုလ်)၊ ကျော်ကျော်သန်း(မဟာဝိဇ္ဇာ)နှင့် တေးသံရှင် ဦးသန်းမြတ်စိုးတို့က ပထမအကြိမ် MMC စာအုပ်စာပေနှင့်ပန်းချီအရောင်းပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

ပြပွဲကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်ပြီး ပြပွဲရက်များအတွင်း ပြည်သူများအနေဖြင့် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ လာရောက်လေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

ပြပွဲကျင်းပရာ မြဝတီမီဒီယာစင်တာတွင် 4K အရည်အသွေးဖြင့် 3D ပြသနိုင်သည့် လူ ၂၀၀ ဆံ့ ရုပ်ရှင်ရုံ၊ ကြီးမားသော LED Projector ပါဝင်သည့် လူ ၃၀၀ ဆံ့ ကဇာတ်ရုံ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ သီချင်းဆိုပြိုင်ပွဲများ၊ Game Show များ၊ Model Show ပြိုင်ပွဲများ ပြုလုပ်နိုင်ပြီး စတိတ်စင်၏နောက်ခံ ဒီဇိုင်းများကို လိုအပ်သလို ပြောင်းလဲအသုံးပြုနိုင်သည့် TV Studio နှစ်ခန်း၊ Talk Show Studio၊ Radio Studio၊ Mini Studio၊ Sound Studio၊ News Studio၊ Music Studio အခန်းများ၊ စာကြည့်တိုက်နှင့် သင်တန်းခန်းမများ၊ စီးပွားရေးဆိုင်ရာရုံးခန်းများ၊ လုံခြုံစိတ်ချရသည့် ကားအစီးရေ ၂၀၀ ဆံ့ ကားပါကင်နှင့် အစားအသောက်များ စီစဉ်ဆောင်ရွက်ပေးနိုင်သည့် ဝန်ဆောင်မှုများကိုပါ ရရှိနိုင်သည့်အတွက် မီဒီယာနှင့်သက်ဆိုင်သည့် ပြပွဲ၊ ပြိုင်ပွဲများကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း ကျင်းပနိုင်ကြောင်း မြဝတီမီဒီယာစင်တာမှ သိရသည်။

**သတင်း-ကျော်ကြီး၊ ဓာတ်ပုံ-မောင်သီ**

# MMC စာအုပ်စာပေနှင့် ပန်းချီအရောင်းပြပွဲ သုံးရက်တာ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပထမအကြိမ် MMC စာအုပ်စာပေနှင့် ပန်းချီအရောင်းပြပွဲကို ရန်ကုန်မြို့ မိုးကောင်းလမ်းမကြီးပေါ်ရှိ မြဝတီမီဒီယာစင်တာ (MMC)၌ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

“ပြပွဲသုံးရက်တာမှာ နေ့စဉ်နံနက် ၉ နာရီကနေ ညနေ ၅ နာရီအထိ ရောင်းချပေးသွားမယ်။ အခုက ပထမဆုံးအကြိမ် ကျင်းပတာပါ။ နောက်ထပ် ဒုတိယအကြိမ်၊ တတိယအကြိမ်စသဖြင့် ပြပွဲတွေ ဆက်လက်ကျင်းပနိုင်ဖို့ ကြိုးစားသွားမယ်။ ဒီပွဲကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရဲ့ လမ်းညွှန်ချက်နဲ့ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌရဲ့ ညွှန်ကြားချက်လည်းရှိတာကြောင့် အကောင်အထည်ဖော် ဆောင်ရွက်တာပါ။ ပြီးတော့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် update လုပ်နေတာတွေ့ရတယ်။ ဒါကို ကျွန်တော်တို့အနေနဲ့ အထောက်အကူပြုတဲ့အနေနဲ့ တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်တာဖြစ်ပါတယ်”ဟု မြဝတီမီဒီယာစင်တာ စာနယ်ဇင်းဌာန၏ အထွေထွေမန်နေဂျာ ဦးမြင့်နိုင်က ပြောသည်။



အထွေထွေမန်နေဂျာ ဦးမြင့်နိုင်



ပန်းချီဆရာ သက်နိုင်ဝင်း

သုံးရက်တာအတွင်း နိုင်ငံကျော်စာရေးဆရာကြီးများ၏ စာအုပ်စာပေများနှင့် ပန်းချီပညာရှင်ကြီးများ၏ ပန်းချီလက်ရာမွန်များကို ခင်းကျင်းပြသရောင်းချ ပေးသွားမည်ဖြစ်သည့်အပြင် ပန်းချီကားပေါင်း ၁၀၀ ကျော်၊ စာအုပ်ဆိုင်ပေါင်း ၁၀ ဆိုင်ကျော်မှ စာအုပ်ပေါင်း သုံးသောင်းခွဲကျော်ကိုပါ ဈေးနှုန်းချိုသာစွာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြဝတီမီဒီယာစင်တာ စာနယ်ဇင်းဌာနမှ သိရသည်။

စာအုပ်စာပေအရောင်းပြပွဲတွင် မိုးကျော်၊ စောဦး၊ မြဝတ်ချို၊ တံခွန်တိုင်၊ ရဲတံခွန်၊ နွယ်ပိုးအိမ်၊ အောင်ကျော်၊ အလင်းတန်းစာပေဖြန့်ချိရေးတို့နှင့် မြဝတီစာပေတိုက်တို့အပါအဝင် စာအုပ်ဆိုင်ပေါင်း ၁၀ ဆိုင်ကျော်က ဘာသာပြန် အတ္ထုပ္ပတ္တိ၊ ဝတ္ထု၊ ဆောင်းပါး၊ ပညာရေး၊ ကျန်းမာရေး၊ အောင်မြင်ရေး၊ တိုင်းရင်းဆေး၊ ရှားပါးစာပေများ အပါအဝင် စာပေအမျိုးအစား စုံလင်စွာဖြင့် စာအုပ်ပေါင်း သုံးသောင်းခွဲကျော် ခင်းကျင်းပြသရောင်းချ သွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီပွဲမှာ ကျွန်တော်က Acrylic အမျိုးအစား ပန်းချီကားရှစ်ကား ပါဝင်ပြသသွားမှာ ဖြစ်ပါတယ်။ ဒီမြဝတီစင်တာက ခန်းမ၊ ကားပါကင် အနေအထားက ကျယ်ဝန်းတယ်၊ ဝန်ဆောင်မှု ကောင်းတယ်။ ပန်းချီပြပွဲလုပ်လို့ ကောင်းတယ်။ ဒါကြောင့် တခြား ပန်းချီဆရာတွေနဲ့ ပူးပေါင်းပြီး ပြပွဲကျင်းပသွားဖို့ အစီအစဉ်ရှိပါတယ်။ ပန်းချီကားတွေကနေ ပန်းချီရသကို အပြည့်အဝခံစားနိုင်မှာဖြစ်တဲ့အတွက် လာရောက်လေ့လာစေချင်ပါတယ်။ ပြီးတော့ ပတ်ဝန်းကျင် အနေအထားနဲ့ ဝန်ဆောင်မှု ကောင်းတွေကို မြင်တွေ့ခံစားနိုင်မှာ ဖြစ်တဲ့အတွက် အရောက်လာခဲ့ဖို့ ဖိတ်ခေါ်ချင်ပါတယ်” ဟု ပန်းချီကားများ ပါဝင်ပြသသည့် ပန်းချီဆရာ သက်နိုင်ဝင်းက ပြောသည်။

ထို့ပြင် ပြပွဲလာရောက်ကြည့်ရှုသူများအတွက် အစားအသောက်ဆိုင်များ၊ ပစ္စည်းအရောင်းဆိုင်များကိုပါ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည့်အပြင် ပြပွဲကာလအတွင်း Caricature ရုပ်ပြောင် ပန်းချီဆရာ ဆရာအောင်ကျော်က ပုံတူရုပ်ပြောင် ပန်းချီများကို ရေးဆွဲပေးသည့် အစီအစဉ်နှင့် စာရေးဆရာများနှင့် စာဖတ်သူပရိသတ်များ တွေ့ဆုံမည့် အစီအစဉ်တို့ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ကျော်ကြီး**
**ဓာတ်ပုံ-မောင်သီ**



ပထမအကြိမ် MMC စာအုပ်စာပေနှင့် ပန်းချီအရောင်းပြပွဲသို့ လာရောက်ကြည့်ရှုကြသူများကို တွေ့ရစဉ်။



# သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးအသိပညာပေးဟောပြော

**ပေါက်ခေါင်း ဖေဖော်ဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးအသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အခြေခံပညာအလယ်တန်းကျောင်း(အုတ်ပုံ)၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပေါက်ခေါင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးသော်မော်ခန့်က သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောခဲ့ပြီး အခြေခံပညာအလယ်တန်းကျောင်း(အုတ်ပုံ)မှ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ ဟောပြောပွဲသို့ ပေါက်ခေါင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၀၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**



ဥတ္တရခရိုင် မီးသတ်ဦးစီးမှူး ဦးစိုးသက်နောင်၊ ဇေယျာသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေထက်အောင်နှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျည်တောင်ကျေးရွာအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးဖိုအသုံးပြုသည့် နေအိမ်များနှင့် အခြားမီးသုံးစွဲသည့် နေအိမ်များအား မီးစနစ်တကျသုံးစွဲရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားရှိရေး လိုက်လံစစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။

ထွန်းလင်း(ဇေယျာမြေ)

# အခုလို MSME ပြပွဲတွေကျင်းပပေးတော့ MSME လုပ်ငန်းရှင်တွေအနေနဲ့ တစ်ဦးနဲ့တစ်ဦး အသိပညာ၊ အတတ်ပညာတွေနဲ့ နည်းပညာတွေ ဖလှယ်ခွင့်ရတယ်

ဦးစံရွှေမောင်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ထွက်ရှိသည့် ဒေသထွက်ကုန်များ၊ ရိုးရာအစားအသောက်များ၊ ဒေသန္တရထွက်ကုန်များကိုအခြေခံ၍ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည့် စက်ယန္တရားနှင့် နည်းပညာများကို အနယ်နယ်အရပ်ရပ်မှပြည်သူများ စိတ်အားထက်သန်စွာ လာရောက်ကြည့်ရှုလေ့လာလျက်ရှိကြပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးပြခန်းများမှ တာဝန်ရှိသူများ၏ ရင်တွင်းပီတိစကားသံများကို တွေ့ဆုံမေးမြန်းရေးသားလိုက်ရပါသည်-


ဦးစံရွှေမောင်


ဦးတင်ဦး


ဦးအောင်ကျော်ဇင်


ဦးမောင်မောင်ဦး


မမြ

**ဦးစံရွှေမောင်**
**ရခိုင်ပြည်နယ် စီးပွားရေးရာဝန်ကြီး**

ကျွန်တော်တို့ MSME ပြခန်းမှာ ထုတ်ကုန် ၉၂ မျိုးကို ပြသထားပါတယ်။ အဲဒီအထဲမှာ OROP အနေနဲ့ ဆန်စပါးမျိုးစုံကို ပြသထားပါတယ်။ ရေထွက်ထုတ်ကုန်တွေဖြစ်တဲ့ ငါးတွေ၊ ပုစွန်တွေ၊ ကျောက်ပုစွန်တွေ၊ ခရုတွေနဲ့ ငါးပိ၊ ငါးခြောက်တွေကို ပြသထားပါတယ်။ ဒါတွေက ပြခန်းလာရောက်တဲ့ ပြည်သူတွေကို ရောင်းချဖို့ ဖြစ်ပါတယ်။ မနေ့က ခင်းကျင်းပြသထားတဲ့ ဟာတွေကတော့ ကုန်သလောက်နီးပါး ရောင်းချရပါတယ်။ နောက်ရက်တွေလည်း ဆက်ပြီး ရောင်းချသွားမှာပါ။ နောက်ပြီး ရခိုင်ရိုးရာ ရက်ကန်းထုတ်ကုန်တွေဖြစ်တဲ့ ပုဆိုး၊ လုံချည်တွေကိုလည်း ပြသထားပါတယ်။ ဒီထုတ်ကုန်တွေ ကလည်း ရောင်းအား ကောင်းပါတယ်။ ကျွန်တော်တို့ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပြည်နယ်အတွင်းမှာရှိတဲ့ MSME လုပ်ငန်းရှင်တွေကို နိုင်ငံ့စီးပွားရေး ရန်ပုံငွေကနေ ချေးငွေတွေကို ထုတ်ချေးထားပါတယ်။ ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ MSME လုပ်ငန်းရှင်တွေ ဘာအခက်အခဲရှိလဲ ဆိုတာကို အမြဲတမ်း အစည်းအဝေးပွဲတွေ လုပ်ပြီး ပံ့ပိုးဆောင်ရွက်ပေးထားတာတွေရှိပါတယ်။ အခုလို MSME ပြပွဲတွေကျင်းပပေးတော့ MSME လုပ်ငန်းရှင်တွေအနေနဲ့ တစ်ဦးနဲ့တစ်ဦး အသိပညာ၊ အတတ်ပညာတွေနဲ့ နည်းပညာတွေ ဖလှယ်ခွင့်ရတယ်။ ဒ့ါအပြင် နာမည်မကြီးသေးတဲ့ ထုတ်ကုန်တွေလည်း နာမည်တစ်ခုရနိုင်လောက်မယ့် အနေအထားတစ်ခုရရှိမယ်။ နိုင်ငံတော်အကြီးအကဲတွေကလည်း နိုင်ငံခြားသွင်းကုန်ပစ္စည်းတွေကို ပြည်တွင်းမှာ ထုတ်လုပ်နိုင်အောင်နဲ့ ထုတ်လုပ်ထားတဲ့ ပစ္စည်းတွေကိုလည်း နိုင်ငံခြားသို့ တင်ပို့နိုင်အောင် ရည်ရွယ်လုပ်ဆောင်နေတာကို တွေ့ရပါတယ်။ အခုလို MSME ပြပွဲတွေ ကျင်းပပေးတာ အင်မတန်မှ ကောင်းမွန်တဲ့ အစီအစဉ်တစ်ခုဖြစ်ပါတယ်။ အခုကျင်းပပြုလုပ်နေတဲ့ MSME ပြပွဲကို လာရောက်လေ့လာကြမယ့် ပြည်သူတွေအနေနဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေက ထွက်ရှိတဲ့ ကုန်ပစ္စည်းတွေကို တစ်နေရာတည်းမှာ အလွယ်တကူ ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ပါတယ်။ လက်ရှိအချိန်မှာ ကျွန်တော်တို့ ပြခန်းမှာ ပြသရောင်းချနေတဲ့ ငါးပိ၊ ငါးခြောက်၊ ပုစွန်စတဲ့ ကုန်ပစ္စည်းတွေကို ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးနေပါတယ်။

**ဦးတင်ဦး**
**ပဲခူးတိုင်းဒေသကြီး MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ဥက္ကဋ္ဌ**

ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး ပြခန်းမှာ ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းက ထွက်ရှိတဲ့ ကုန်းကြမ်းတွေကို အခြေခံတဲ့ ထုတ်ကုန်တွေ၊ ပြည်တွင်းကုန်ကြမ်းက ထုတ်လုပ်တဲ့ ထွက်ကုန်တွေ၊ OROP ထုတ်ကုန်တွေ၊ သွင်းကုန်အစားထိုး တန်ဖိုးမြှင့်ထုတ်ကုန်တွေ၊ ပြည်ပထုတ်ကုန်တွေဆိုတဲ့ ကဏ္ဍငါးရပ်ခွဲပြီး ပစ္စည်းအမျိုးအစားပေါင်း ၆၅ မျိုး၊ အမယ်ပေါင်း ၆၇၈ မျိုးကို ခင်းကျင်းပြသထားပါတယ်။ ထုတ်ကုန်ပစ္စည်းတွေကို ကြည့်မယ်ဆိုရင် စားသောက်ကုန် လုပ်ငန်းက ထွက်ရှိတဲ့ စားသောက်စရာမျိုးစုံပါဝင်ပါတယ်။ ဒ့ါအပြင် ပြည်တွင်းသုံး စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းက ထွက်ရှိတဲ့ ကုန်းကြမ်းကို အခြေခံပြီး ထုတ်လုပ်ထားတဲ့ အဆင့်မြင့်ထုတ်ကုန်တွေ၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခုအနေနဲ့ မိုးယွန်းကြီး ငါးခြောက်၊ တဲကုန်းမြို့နယ် တံခွန်တိုင်ကျေးရွာအင်းမအင်းထဲကထွက်ရှိတဲ့ ဇေဒါကုန်ကြမ်းကို အခြေခံပြီး ထုတ်လုပ်ထားတဲ့ တန်ဖိုးမြင့် လက်မှုအထည်တွေ၊ ပြည်ပပို့ကုန်တွေဖြစ်တဲ့ လက်မှုအထည်တွေနဲ့ စားသောက်ကုန်တွေကိုပြသထားပါတယ်။ အထူးသဖြင့် လက်မှုအထည်တွေနဲ့ စားသောက်ကုန်တွေ၊ စက်မှုလက်မှု လုပ်ငန်းသုံးပစ္စည်းတွေကို ပြသထားပါတယ်။ ထူးခြားမှုအနေနဲ့ သွင်းကုန်အစားထိုး လယ်ယာသုံးစက်ကိရိယာပစ္စည်းတွေ တီထွင်ထုတ်လုပ်ပြသရောင်းချနေခြင်းပဲ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအနေနဲ့ ဒုတိယ စပါးကျီလို့ တင်စားခေါ်ဝေါ်ရလောက်အောင် စိုက်ပျိုးရေးအထူးအောင်မြင်တဲ့ တိုင်းဒေသကြီးတစ်ခုဖြစ်ပါတယ်။ ဟိုယခင်က ဒေသခံပြည်သူတွေ အနေနဲ့ စိုက်ပျိုးရေးနည်းစနစ် မှန်ကန်စွာနဲ့ မသိခဲ့ပါဘူး။ နိုင်ငံတော်အကြီးအကဲတွေရဲ့ လမ်းညွှန်မှုနဲ့အတူ ကျွန်တော်တို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆောင်မှုနဲ့ စိုက်ပျိုးရေး နည်းစနစ်များ မှန်ကန်စွာစိုက်ပျိုးနိုင်ရေး ခေတ်မီကောက်စိုက်စက်တွေကိုပြောင်းလဲအသုံးပြုဖို့ ဆောင်ရွက်ခဲ့ပါတယ်။ အခုဆိုရင် ခြောက်တန်းသွား ကောက်စိုက်စက်နဲ့ ရှစ်တန်းသွား လူစီး ကောက်စိုက်စက်တွေကို တီထွင် ထုတ်လုပ်ထားပါတယ်။ အဲဒီစက်ကိရိယာတွေကို စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတွေဆီကို ပေးပို့ပြီး လက်တွေ့နယ်ပယ်မှာ အသုံးပြုလျက်ရှိပါတယ်။ တစ်နိုင်ငံလုံး ဖြန့်ဖြူးရောင်းချနိုင်ဖို့လည်း ဆောင်ရွက်နေပါတယ်။ အခုလက်ရှိ ပဲခူးစက်မှုဇုန်က ထုတ်လုပ်တဲ့ ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက် ၂၆၈ စီးနဲ့ ရွှေဝါထွန်းကုမ္ပဏီနဲ့ ချိတ်ဆက်ပြီး ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက် ၁၅၃ စီးကို ဖြန့်ဖြူးရောင်းချပြီး ဖြစ်ပါတယ်။ ဒ့ါအပြင် ရှစ်တန်းသွား လူစီး ကောက်စိုက်စက်၊ ဆေးဖျန်းစက်၊ ခြွေလှေ့စက်၊ ဘက်စုံသုံး ဆေးဖျန်းစက်၊ အဆင့်မြင့်ကြံစိုက်စက်တွေကိုလည်း တီထွင်ဆောင်ရွက်လျက်ရှိပါတယ်။ ထုတ်လုပ်တဲ့ထုတ်ကုန်တွေကို ထုတ်လုပ်မှုနယ်ပယ်အလိုက် ကုန်အမှတ်တံဆိပ်တွေ တရားဝင်မှတ်ပုံတင်ပြီး စက်မှုဒီဇိုင်း မူပိုင်ခွင့်တွေကိုလည်း ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ဒေသခံတောင်သူတွေ အလွယ်တကူ ဝယ်ယူနိုင်ရေး လယ်ယာဖွံ့ဖြိုးရေးဘဏ်နဲ့ ချိတ်ဆက်ပြီး အရစ်ကျနဲ့ဝယ်ယူနိုင်ရေး ဆောင်ရွက်နေပါတယ်။ အခုလို MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲတွေ ကျင်းပခြင်းအားဖြင့် ပဲခူးတိုင်းဒေသကြီး MSME ထုတ်ကုန်လုပ်ငန်းရှင်များ အပါအဝင် နိုင်ငံတစ်ဝန်းမှာရှိတဲ့ MSME လုပ်ငန်းရှင်တွေအတွက် အဖိုးမဖြတ်နိုင်တဲ့ ကြီးမားတဲ့ အကျိုးကျေးဇူးတွေ၊ အခွင့်အလမ်းတွေ ရရှိမယ်လို့ ယုံကြည်ပါတယ်။

**ဦးအောင်ကျော်ဇင်**
**ဒုတိယညွှန်ကြားရေးမှူး**
**မွန်ပြည်နယ် MSME ထုတ်ကုန်ပြခန်း တာဝန်ခံ**

ကျွန်တော်တို့ မွန်ပြည်နယ် MSME ထုတ်ကုန်ပြခန်းမှာ ပြည်တွင်း ကုန်ကြမ်းထုတ်ကုန်ပစ္စည်းတွေ၊ သွင်းကုန်အစားထိုး တန်ဖိုးမြှင့် ထုတ်ကုန်ပစ္စည်းတွေ၊ ပြည်ပထုတ်ကုန်စ္စည်းတွေ၊ OROP ထုတ်ကုန်ပစ္စည်းတွေကို ခင်းကျင်းပြသထားပါတယ်။ ဒီပြခန်းမှာ ပစ္စည်းအမျိုးအမည် ၁၈၃ မျိုး၊ အရေအတွက်ကတော့ ၂၇၀၀၀ ကျော်ပြသထားပါတယ်။ ကျွန်တော်တို့ မွန်ပြည်နယ်က ဆားထွက်ပါတယ်။ ဆားဆိုတာက ပြည်တွင်းကုန်ကြမ်းပဲဖြစ်ပါတယ်။ မွန်ပြည်နယ်ရဲ့ ဆားလုပ်ငန်းက OROP ထဲမှာပါတယ်။ နိုင်ငံတော်အကြီးအကဲအနေနဲ့လည်း မွန်ပြည်နယ်က ဆားလုပ်ငန်းကို OROP နဲ့တင်မရပ်ဘဲ ပြည်ပအထိတင်ပို့နိုင်အောင်ဆောင်ရွက်ဖို့ညွှန်ကြားထားတာရှိပါတယ်။ ဒါကြောင့်ကျွန်တော်တို့အနေနဲ့ ဆားကို အဆင့်မြှင့်ပြီး ပြည်ပသို့တင်ပို့နိုင်ရေး ကြိုးစားလုပ်ဆောင်နေပါတယ်။

ပြီးတော့ ဒေသတွင်းမှာရှိတဲ့ MSME ထုတ်ကုန်တွေက အများအားဖြင့် ကိုယ့်ဒေသနဲ့ကိုယ် လည်ပတ်နေကြတာပါ။ အခုလို ပြည်ထောင်စုအဆင့် MSME ပြပွဲ၊ ပြိုင်ပွဲတွေ ကျင်းပပေးတဲ့အတွက် အခြားဒေသမှာရှိတဲ့ MSME လုပ်ငန်းရှင်တွေနဲ့ ကျွန်တော်တို့ဆီက လုပ်ငန်းရှင်တွေ အပြန်အလှန် ချိတ်ဆက်မှုရမယ်၊ ပြီးတော့ ထုတ်လုပ်မှု Supply Chain တစ်လျှောက်မှာတော့ ဒေသတစ်ခုရဲ့လိုအပ်ချက်ကို အခြားဒေသတစ်ခုဆီက ထောက်ပံ့မှုရနိုင်မယ်၊ နိုင်ငံခြားကိုလည်း တင်ပို့နိုင်ခွင့်ရမယ်၊ နိုင်ငံခြားကလာတဲ့အခါမှာလည်း ဒီမှာရှိတဲ့ ထုတ်ကုန်တွေကို ရှင်းပြခွင့်ရမှာ ဖြစ်ပါတယ်။ နိုင်ငံ့စီးပွားရေးမှာလည်း MSME လုပ်ငန်းတွေက အဓိကခေါင်းစဉ်ကနေ ပါဝင်ပါတယ်။ အခုလိုပွဲတွေ ကျင်းပပေးတဲ့အတွက် MSME လုပ်ငန်းတွေအနေနဲ့ နိုင်ငံ့စီးပွားရေးကို ပိုမိုထောက်ပံ့လာနိုင်မယ်လို့ ယုံကြည်ပါတယ်။ ပြည်သူတွေကိုလည်း ကျွန်တော်တို့ပြခန်းကို လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့ ပြခန်းအပြင် အခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေက ခင်းကျင်းပြသထားတဲ့ ထုတ်ကုန်တွေလည်း တစ်စုတစ်စည်းတည်း လေ့လာနိုင်မှာ ဖြစ်ပါတယ်။

**ဦးမောင်မောင်ဦး (ဂရိတ်ဝေါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး)၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များ အသင်း**

ကျွန်တော်တို့ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးဆိုင်ရာ MSME ပြခန်းမှာ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်း နယ်ပယ် ၁၀ ခုကနေ လာရောက်ပြသတာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးက ၁၃ ခု၊ မန္တလေးတိုင်းဒေသကြီးက လေးခု၊ နေပြည်တော်က တစ်ခု၊ ရောဝတီတိုင်းဒေသကြီးက တစ်ခု၊ စစ်ကိုင်းတိုင်းဒေသကြီးက တစ်ခုနဲ့ ရှမ်းပြည်နယ်က တစ်ခု ပြသထားပါတယ်။ ပြသထားတဲ့ ဆေးဝါးတွေနဲ့ ရောင်းချတဲ့ ဆေးဝါးတွေကတော့ အကိုက်အခဲပျောက်ဆေးတွေ၊ အဖျားပျောက်ဆေးတွေ၊ သွေးဆေးတွေ၊ အားဆေးတွေ၊ ကလေးဆေးတွေ မျိုးစုံပါပဲ။ အခုလို ပြည်ထောင်စုအဆင့် MSME ပြပွဲတွေ ကျင်းပပေးတာ အင်မတန် ကောင်းပါတယ်။ ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ခြင်းဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်းနဲ့ အတူတူပဲဖြစ်ပါတယ်။ ဒါကြောင့် MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ဒီလိုပြပွဲတွေ ကျင်းပပေးဖို့ လိုအပ်ပါတယ်။ အခုလိုကျင်းပပေးတော့ နယ်ပယ်စုံမှ MSME လုပ်ငန်းရှင်တွေ တစ်စုတစ်စည်းတည်း တွေ့ဆုံခွင့်ရတယ်၊ အတွေ့အကြုံတွေကိုလည်း အပြန်အလှန် ဖလှယ်ခွင့်ရတဲ့အတွက် နိုင်ငံတော်အကြီးအကဲတွေရဲ့ အမြော်အမြင်နဲ့ စေတနာတွေကို လေးစားမိပါတယ်။ ဝမ်းလည်း ဝမ်းသာမိပါတယ်။ ပြည်သူတွေအနေနဲ့လည်း အခုလို ကျင်းပပေးတဲ့ MSME ထုတ်ကုန်ပြပွဲဟာ ကျွန်တော်တို့ တိုင်းရင်းဆေးဝါးအပိုင်းမှာသာမက မြန်မာပြည်အနှံ့အပြားမှာရှိတဲ့ MSME ထုတ်ကုန်တွေကို ထင်မှတ်မထားလောက်တဲ့ အရည်အသွေးရှိတဲ့ ထုတ်ကုန်တွေအဖြစ် မြင်တွေ့ကြရမှာပါ။ တချို့က နိုင်ငံခြားကလာပြတယ် ထင်လောက်အောင် ပြည်တွင်းဖြစ် MSME ထုတ်ကုန်တွေကို တွေ့ရမှာပါ။ ကျွန်တော်တို့ တိုင်းရင်းဆေးဝါး ဆိုရင်လည်း ယခင်ကလိုမဟုတ်ဘဲ ကောင်းမွန်သပ်ရပ်တဲ့ ထုပ်ပိုးမှု၊ လုံခြုံစိတ်ချရပြီး အဆင့်မီထုပ်ပိုးထားတာတွေကို တွေ့မြင်ရမှာပါ။ ဒါကြောင့် ပြည်သူတွေအနေနဲ့ လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်။

**မမြ**
**အိုကေဝမ်း**
**သဘာဝဖျော်ရည်လုပ်ငန်း**

ကျွန်မကတော့ အိုကေဝမ်း သဘာဝဖျော်ရည် လုပ်ငန်းကနေ သဘာဝ အသီးစစ်စစ်တွေကို ဖျော်ရည်အဖြစ် ထုတ်လုပ်ရောင်းချနေတာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၅ သို့ ☆





ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲသို့ လာရောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

❍ ကျောဖုံးမှ
တစ်နိုင်ငံလုံး MSME လုပ်ငန်းများ စတင်လုပ်ဆောင်ကြမည့်လုပ်ငန်းရှင်များသည်လည်း စိတ်ဝင်စားစွာဖြင့် လာရောက်လေ့လာကြသည်ကို တွေ့ရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ထုတ်ကုန်ပြခန်းအလိုက် ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ ဒေသ၏ အထင်ကရနေရာများ၊ ဒေသတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ၊ ဒေသအလိုက် ရိုးရာအစားအစာများနှင့် MSME ထုတ်ကုန်များကို အများပြည်သူစိတ်ဝင်တစား လေ့လာကြည့်ရှုနိုင်ရန် ခင်းကျင်းပြသရောင်းချလျက်ရှိသည့်အတွက် လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိပြီး ပြခန်းလာရောက်လေ့လာကြသူများကို ပြခန်းအလိုက် တာဝန်ရှိသူများက သတင်းအချက်အလက်နှင့် နည်းပညာများ၊ ပြည်တွင်း/ပြည်ပဈေးကွက်များသို့ ထိုးဖောက်နိုင်ရန် စံအရည်အသွေး သတ်မှတ်ချက်များနှင့် ဒေသထွက်ကုန်ကြမ်းများပေါ် အခြေခံပြီး စွန့်ဦးတီထွင်လုပ်ငန်းဆိုင်ရာ အမြင်သစ်များကို အသိပညာပေး ဆွေးနွေးမျှဝေပေးလျက်ရှိရာ လုပ်ငန်းရှင်များအပြင် သိရှိလိုသမျှ လေ့လာမေးမြန်းကြသည့် ပြည်သူများဖြင့်လည်း စည်ကားခဲ့သည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာအစားအစာ အရောင်းပြခန်းများ၌ ဒေသထွက်အစားအသောက်များ၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် တိုင်းရင်းသားရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူစားသုံးနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည့်အတွက် လာရောက်ဝယ်ယူကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

အလားတူ ကုန်ထုတ်သမဝါယမအသင်းများ၏ ထုတ်ကုန်ပြခန်း၊ စက်မှုဝန်ကြီးဌာန၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)နှင့် မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့က စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းဖြင့် ချိုသာစွာရောင်းချပေးလျက်ရှိရာ လာရောက်ဝယ်ယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ညပိုင်းတွင် ပြပွဲလာကြသူများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေနိုင်ရန် ဖျော်ဖြေရေးအစီအစဉ်များကို ထည့်သွင်းကျင်းပလျက်ရှိပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မျိုးချစ်စိတ်နှင့် ဇာတိမာန် တက်ကြွစေမည့် တေးသီချင်းများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုကပြဖျော်ဖြေကြရာ ပြည်သူအများအပြား ပါဝင်ဆင်နွှဲလျက်ရှိကြောင်းနှင့် ယနေ့တွင် ရုပ်နီး/ရုပ်ဝေးမှ လာရောက်လည်ပတ်လေ့လာကြသူများ၊ ဒေသအလိုက် ထွက်ကုန်များနှင့် ရိုးရာအစားအစာများအား နှစ်သက်စွာဝယ်ယူသုံးဆောင်၍ လာရောက်အပန်းဖြေကြသူများ၊ စီးပွားရေးနှင့်နည်းပညာဆိုင်ရာ လုပ်ငန်းချိတ်ဆက်မှုများတွင် စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြသည့် လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များဖြင့် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည်။ လာရောက်လည်ပတ်ကြသူများအနေဖြင့် လူဦးရေ ၅၅၅၀ ကျော်၊ ယာဉ်အစီးရေ ၇၀၀ ခန့်နှင့် ဆိုင်ကယ်အစီးရေ ၄၀၀ ခန့်အထိရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) တက္ကသိုလ်တည်ထောင်သည့်နေ့ (၁၃)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၁**

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) တည်ထောင်သည့် (၁၃)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကို ယနေ့တွင် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီ၊ ဒုတိယပါမောက္ခချုပ် (စီမံ/သင်ကြား)၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်ပထမပိုင်းအဖြစ် နံနက်ပိုင်းတွင် ပင့်သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်၍ တရားနာယူကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့ဝန်ထမ်းကောင်းဆုရရှိသူနှစ်ဦး၊ ပြက္ခဒိန်နှစ်အတွင်း မည်သည့်ခွင့်မှ ခံစားခြင်းမရှိသည့် အရာထမ်း၊ အမှုထမ်း ၂၀၊ အရိုးသားဆုံးဆုရရှိသူ အမှုထမ်းသုံးဦးတို့အား ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ တက္ကသိုလ်တည်ထောင်သည့်နေ့ အထိမ်းအမှတ် ဈေးရောင်းပွဲတော်ရှိ ကျောင်းသားကျောင်းသူများနှင့် HRD Programme များမှရောင်းချသည့် ဆိုင်ခန်း ၁၀ ခန်းအား လှည့်လည်ကြည့်ရှု



အားပေးကြပြီး ဝန်ထမ်းများအား ငွေသားဆုကံစမ်းမဲများ ပေးအပ်သည်။

ထို့အပြင် တက္ကသိုလ်တည်ထောင်သည့်နေ့ (၁၃)နှစ်မြောက် အထိမ်းအမှတ်ဂုဏ်ပြုသုတေသနစာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပပြီး ဒေသအကျိုးပြု၊ တက္ကသိုလ်အကျိုးပြု၊ ဘာသာရပ်အကျိုးပြု သုတေသနစာတမ်း ၁၃ စောင် ဖတ်ကြားခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်ထွန်း**

# အောင်လံမြို့၌ မဟာနွယ်စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်လှစ်

**အောင်လံ ဖေဖော်ဝါရီ ၁၁**

မကွေး တိုင်းဒေသကြီး အောင်လံမြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အောင်လံမြို့နယ် မဟာဇင်ကျေးရွာ မဟာနွယ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။



အဆိုပါ မဟာနွယ်စာကြည့်တိုက် အဆောက်အအုံသစ်ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်လွင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး မျိုးကျော်အောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးအောင်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းကာ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်က ယခုဖွင့်လှစ်ပေးသည့် စာကြည့်တိုက်ကို အကျိုးရှိစွာ အသုံးချရေးနှင့် စာကြည့်တိုက်များရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားတွင် ဒိုးပတ်အဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ပြီး မဟာနွယ်စာကြည့်တိုက်နှင့် ပတ်သက်သည့် အချက်အလက်များကို မြို့နယ်စာကြည့်တိုက်များ တည်ဆောက်အကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇေယျာမြတ်သူက မဟာနွယ်စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းအား လွှဲပြောင်းပေးအပ်ခဲ့ပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

☆ စာမျက်နှာ ၁၄ မှ
လက်ရှိအချိန်မှာလည်း သဘာဝထုတ်ကုန်ဖြစ်တဲ့ ဖျော်ရည်လုပ်ငန်းကနေ ထုတ်ကုန်အမျိုးပေါင်း ၂၀ လောက် ထုတ်လုပ်ရောင်းချလျက်ရှိပါတယ်။ အခုလို ပြပွဲပြိုင်ပွဲတွေကျင်းပပေးတာကြောင့် ဒေသအလိုက် ထွက်ကုန်တွေကို ပြသခွင့် ရရှိပါတယ်။ အခုလို ပြပွဲပြိုင်ပွဲတွေ ကျင်းပပေးသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ပြပွဲပြိုင်ပွဲတွေ ကျင်းပပေးခြင်းအားဖြင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်အနှံ့ကို သွားစရာမလိုဘဲ တစ်နေရာတည်းမှာ လေ့လာချင်သူရော၊ ဝယ်ယူချင်သူတွေရော အားလုံးအတွက် အဆင်ပြေပါတယ်။ ကျွန်မအနေနဲ့ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားတဲ့ ၂၀၁၉ ခုနှစ် ကတည်းက အဆုတ်ကို အားကောင်းစေမယ့် ဆီးဖြူသီးဖျော်ရည်ကို စတင်ထုတ်လုပ်ခဲ့ပါတယ်။ အဲဒီလို ထုတ်လုပ်နိုင်ခဲ့လို့ လူတွေကျန်းမာလာစေလို့ အားလုံးအတွက် အထောက်အကူဖြစ်လို့လည်း ဝမ်းသာပီတိ ဖြစ်ရပါတယ်။ ဒါတွေအပြင် စားသောက်ကုန်လုပ်ငန်းအနေနဲ့ကတော့ မြန်မာနိုင်ငံမှာ မထုတ်လုပ်သေးတဲ့ ဒန့်သလွန် မန်ကျည်းတော်ဖီကိုလည်း ထုတ်လုပ်လျက်ရှိပါတယ်။ အဲဒါကို စားပေးခြင်းအားဖြင့် ညအချိန်မှာ ပေ့ါပေ့ါပါးပါးအစာခြေခြင်းကို ဖြစ်ပေါ်စေတယ်။ အခုလို MSME ထုတ်ကုန်ပြပွဲမှာ ပါဝင်ပြသခွင့်ရတဲ့အတွက် တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ**
**အလင်းသစ်၊ သန်းတင်အောင်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၁၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "soe tha zin 17" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဥသျှာမြို့သစ် (၃)ရပ်ကွက်နေ စိုးဇင်ဇင်(ခ) စိုးသဇင်(ခ)စနိုးအား မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ပဲခူးမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# ပေါက်မြို့နယ် မကျီးစင်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ခဲ့ပြီး အမျိုးသားတစ်ဦးအား သတ်ဖြတ်ခဲ့ကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် မကျီးစင်ကျေးရွာကို လုံခြုံရေး တပ်ဖွဲ့ဝင်များက ဝင်ရောက်၍ နေအိမ် ၃၀ ခန့်အား မီးရှို့ခဲ့ပြီး အမျိုးသားတစ်ဦးအား သတ်ဖြတ်ခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

## မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေ

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသော်လည်း ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူများအား ဥပဒေမဲ့သတ်ဖြတ်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားဘဲ ငြိမ်းချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူလူထုအား အနိုင်ကျင့်ခြိမ်းခြောက်မှုများ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အပေါ် ထောက်ခံအားပေးမှု မရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ ငြိမ်းချမ်းစွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင် လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အခြေအမြစ်မရှိသည့် ဓာတ်ပုံများကို အသုံးပြု၍ မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။




သတင်းစဉ်

# ထောင်ပိုင်နှင့် ထောင်လုံခြုံရေးတာဝန်ခံတို့က နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုဝင်များအပေါ် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ပြောဆိုကြောင်း မဟုတ်မမှန် သတင်းရေးသားဖြန့်ဝေ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ကလေးအကျဉ်းထောင်တွင် ထောင်ပိုင်နှင့် ထောင်လုံခြုံရေးတာဝန်ခံတို့က နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုဝင်များအပေါ် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ပြောဆိုကြောင်း၊ ထောင်ပိုင်က ထောင်ဝင်စာ ဧည့်တွေ့ပြန်လာသည့် နိုင်ငံရေးအကျဉ်းသားတစ်ဦး၏ဇနီးဖြစ်သူကို ဖုန်းဖြင့်ဆက်သွယ်ကာ ၎င်းနှင့်အတူနေရန် ချိန်းဆိုသည့် စကားများပြောခဲ့ကြောင်း Khit Thit Media အမည်ခံ Facebook Page က ဇန်နဝါရီ ၃၀ ရက်တွင် မဟုတ်မမှန် သတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်ကို စိစစ်ရာတွင် ကလေးအကျဉ်းထောင် တာဝန်ခံအရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မိုးဝင်းသည် ဌာနဆိုင်ရာ သတင်းညှိနှိုင်းအစည်းအဝေးရှိသည့်နေ့မှလွဲ၍ အခြားနေ့များတွင် အကျဉ်းထောင်ဝင်းအတွင်းမှ ပြင်ပသို့ထွက်ခွာခြင်းမရှိကြောင်း၊ အကျဉ်းထောင်ဥပဒေနှင့်အညီ အကျဉ်းသား၊ အချုပ်သားများ၏ မိသားစုဝင်များ၊ ဆွေမျိုးများနှင့် မည်သည့်ကိစ္စ တစ်စုံတစ်ရာမျှ ပတ်သက်ဆက်နွယ်ခြင်းမရှိကြောင်း သိရသည်။

ထို့အတူ လုံခြုံရေးဌာနစိတ်တာဝန်ခံ လက်ထောက်ကြီးကြပ်ရေးမှူး(၁) ဦးဟန်ဝင်းအောင်သည် ကလေးခရိုင် ပြည်သူ့ဆေးရုံကြီးသို့ နေ့ချင်းပြန် (သို့မဟုတ်) တင်ပို့ကုသရန်လိုအပ်သည့် အကျဉ်းသား/ အချုပ်သားများ၏ အုပ်ချုပ်မှုပိုင်းဆိုင်ရာများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ ဆောင်ရွက်ရသည့်နေ့မှလွဲ၍ အခြားနေ့ရက်များတွင် ရုံးလုပ်ငန်းများဆောင်ရွက်နေရသဖြင့် အကျဉ်းသား/ အချုပ်သားများ၏ မိသားစုဝင်များ၊ ဆွေမျိုးများနှင့် မည်သည့်ကိစ္စ တစ်စုံတစ်ရာမျှ ပတ်သက်ဆက်နွယ်ခြင်းမရှိကြောင်း သိရသည်။

ထို့ကြောင့် ကလေးထောင်ရှိ အကျဉ်းသား/ အချုပ်သားများ၏ မိသားစုဝင်တစ်ဦးဦးအား လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများပြုလုပ်ပါက တိကျစွာ တိုင်တန်းတင်ပြနိုင်ပြီး အပြစ်ကျူးလွန်ပါက စစ်ဆေးအရေးယူမည်ဖြစ်သည့်အတွက် Khit Thit Media အမည်ခံ Facebook Page က ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာ ဖြစ်သည်။ သစ္စာ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၂-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၆၀ | ၃၂၇၀ | ၃၂၃၅ | ၃၁၇၀ | ၃၂၇၅ | ၃၂၉၀ | ၃၃၁၀ | ၃၂၃၀ | ၄၅၀၅ | ၃၅၂၀ | ၃၂၄၅ | ၃၂၄၅ | ၃၃၁၅ | ၃၂၈၀ | ၃၃၀၅ | ၃၅၆၀ | ၄၁၀၀ |
| 95 Ron | ၃၂၂၀ | ၃၃၃၀ | ၃၃၀၀ | ၃၂၃၀ | ၃၃၄၀ | ၃၃၅၅ | ၃၃၇၀ | ၃၂၉၀ | ၄၅၆၀ | ၃၅၈၀ | ၃၃၀၅ | ၃၃၁၀ | ၃၃၇၅ | ၃၃၄၀ | ၃၃၆၅ | ၃၆၂၀ | ၄၂၅၀ |
| HSD (500 ppm) | ၂၇၃၅ | ၂၈၅၀ | ၂၈၁၅ | ၂၇၅၀ | ၂၈၅၅ | ၂၈၇၀ | ၂၈၉၀ | ၂၈၀၅ | - | ၃၁၀၀ | ၂၈၂၅ | ၂၈၂၅ | ၂၈၉၅ | ၂၈၆၀ | ၂၈၈၀ | ၃၁၄၀ | ၄၁၀၀ |
| HSD (50 ppm) | ၃၃၇၀ | ၃၄၈၅ | ၃၄၅၀ | ၃၃၈၅ | ၃၄၉၀ | ၃၅၀၅ | ၃၅၂၅ | ၃၄၄၀ | ၄၈၃၀ | ၃၇၃၅ | ၃၄၆၀ | ၃၄၆၀ | ၃၅၃၀ | ၃၄၉၅ | ၃၅၁၅ | ၃၇၇၅ | - |
| HSD (10 ppm) | ၃၃၇၀ | ၃၄၈၅ | ၃၄၅၀ | ၃၃၈၅ | ၃၄၉၀ | ၃၅၀၅ | ၃၅၂၅ | ၃၄၄၀ | - | ၃၇၃၅ | ၃၄၆၀ | ၃၄၆၀ | ၃၅၃၀ | ၃၄၉၅ | ၃၅၁၅ | ၃၇၇၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၈၃ | ၃၀၇၆ |
| 95 Ron | ၃၀၄၂ | ၃၁၃၆ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၅၆ |
| HSD (50 ppm) | ၃၁၉၀ | ၃၂၈၃ |
| HSD (10 ppm) | ၃၁၉၀ | ၃၂၈၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



# တောင်ဥက္ကလာပမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေ အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများ အသိပညာပေးရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အမှတ်(၆)ရပ်ကွက် ကေတုမတီလမ်း သီရိမြန်မာခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် သဃ်န်းကျွန်းခရိုင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးလွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တောင်ဥက္ကလာပမြို့နယ် ဥပဒေအရာရှိ ဦးထွန်းလင်းဦးက ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်စာရေးများနှင့် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ တောင်ဥက္ကလာပမြို့နယ် ဥပဒေအရာရှိက ပြန်လည်ဆွေးနွေး ပြောကြားခဲ့သည်။ ထို့နောက် သဃ်န်းကျွန်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှသိန်းက ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများနှင့် ဆောင်ရွက်လျှင် အခက်အခဲမရှိ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) က မန္တလေး-ချင်းမိုင် တိုက်ရိုက်ခရီးစဉ်သစ် စတင်ပြေးဆွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI) မှ မန္တလေး-ချင်းမိုင် တိုက်ရိုက်ခရီးစဉ်ကို ဖေဖော်ဝါရီ ၁၀ ရက်မှ စတင်၍ အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့တိုင်း တစ်ပတ်လျှင်နှစ်ကြိမ် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်သစ် စတင်ပြေးဆွဲသည့် အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့က မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသည်။

MAI လေကြောင်းလိုင်းက ယမန်နေ့တွင် မန္တလေးမြို့နှင့် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တို့အကြား တိုက်ရိုက်ခရီးစဉ်သစ်ကို စတင်ပြေးဆွဲကြောင်း ကြေညာခဲ့ပြီး မန္တလေး-ချင်းမိုင်ခရီးစဉ်သည် MAI ပြေးဆွဲနေသည့် နိုင်ငံတကာခရီးစဉ်ကွန်ရက်တွင် ၂၀၂၅ ခုနှစ်အတွင်း အသစ်တိုးချဲ့ပြေးဆွဲသည့် ပထမဆုံးခရီးစဉ်ဖြစ်ကာ MAI ၏ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ပျံသန်းပြေးဆွဲနေသည့် ဗန်ကောက်-သုဝဏ္ဏဘူမိလေဆိပ်၊ ဗန်ကောက်-ဒွန်မောင်းလေဆိပ်နှင့် နိုဗိုစီဗစ်ခရီးစဉ်များအပြီး ထပ်မံပြေးဆွဲသည့် စတုတ္ထမြောက်ခရီးစဉ်အသစ်ဖြစ်သည်။

ခရီးစဉ်အသစ် စတင်ပြေးဆွဲသည့် အထိမ်းအမှတ်အဖြစ် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ချင်းမိုင်လေဆိပ်သို့ ဆိုက်ရောက်လာသည့် လေယာဉ်ကို ရေပက်ဖျန်းကြိုဆိုခဲ့ပြီး ခရီးစဉ်အတွင်း လိုက်ပါစီးနင်းလာကြသည့် ခရီးသည်များအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် အမှတ်တရလက်ဆောင်များ ပေးအပ်ကာ ခရီးဦးကြိုဆိုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# မီးရထားခရီးစဉ်များ အဆင်ပြေချောမွေ့စွာ ပြေးဆွဲနိုင်ရေး မန္တလေးဘူတာကြီးမှ ရမည်းသင်းဘူတာအထိ ရထားလမ်းပိုင်း ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်-မန္တလေး မီးရထားလမ်းပိုင်း၌ ဖေဖော်ဝါရီလကုန်ပိုင်းမှစ၍ ရန်ကုန်-နေပြည်တော် လမ်းပိုင်းကို DEMU ရထားဖြင့် လည်းကောင်း၊ နေပြည်တော်-မန္တလေးလမ်းပိုင်းကို လေအိတ်အမြန်ရထားဖြင့်လည်းကောင်း ရထားခရီးစဉ်များ ပြေးဆွဲမည်ဖြစ်ရာ ရထားခရီးစဉ်များ အဆင်ပြေချောမွေ့စွာ ပြေးဆွဲနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးဘူတာကြီးမှ ရမည်းသင်းဘူတာအထိ မီးရထားလမ်းပိုင်းများကို ကွင်းဆင်းစစ်ဆေးသည်။

တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးသည် မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ (အထက်မြန်မာပြည်) ဦးစိုင်းသော်လင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးတာဝန်ခံ၊ တိုင်းဒေသကြီး အရာရှိများနှင့်အတူ မန္တလေးဘူတာကြီးမှ RBE ရထားဖြင့် တိုင်းဒေသကြီးအတွင်း ပါဝင်သည့် ရထားလမ်းပိုင်းများ ကြံ့ခိုင်မှုရှိရေးနှင့် တရားမဝင်လမ်းကူးများကို ကွင်းဆင်းစစ်ဆေးရာ မြန်မာ့မီးရထားမှ တာဝန်ရှိသူများက နယ်မြေအလိုက် ရထားလမ်းပိုင်း အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်း မန္တလေးဘူတာကြီးမှ ရမည်းသင်းဘူတာအထိ ရထားလမ်းပိုင်းတွင် တရားဝင်လမ်းကူး ၅၂ ခုနှင့် တရားမဝင်လမ်းကူး၉၇ခုရှိရာအဆိုပါတရားမဝင်လမ်းကူးများကို ပိတ်သိမ်းနိုင်ရေးနှင့် တရားမဝင်လမ်းကူးဖောက်လုပ်မှုများမရှိစေရေး ပြည်သူများအား အသိပေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေကြည်မြို့နယ်၌ ကုန်ထုတ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**ရေကြည် ဖေဖော်ဝါရီ ၁၁**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်သော တောင်လဟာကျေးရွာ ကုန်ထုတ်လမ်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက အဆိုပါလမ်းမှန်ဦး၌ ကျင်းပသည်။



**ကြည့်ရှုစစ်ဆေး**

လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ ကျုံပျော်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေး၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းချစ်အေး၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကိုကို၊ Nine Elephant Group ကုမ္ပဏီမှ မန်နေဂျာ ဦးမျိုးဇော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကုန်ထုတ်လမ်းသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တောင်လဟာ ကျေးရွာ ကုန်ထုတ်လမ်းသည် ကျေးရွာသုံးရွာအတွက် အကျိုးပြုနိုင်သော ကုန်ထုတ်လမ်းဖြစ်ပြီး ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် Nine Elephant Group ကုမ္ပဏီက တင်ဒါအောင်မြင်ဆောင်ရွက်သော ကျေးရွာကုန်ထုတ်လမ်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မူလတန်းလွန်ကျောင်း (ဘိုးရှမ်းကုန်း) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲပိုင်းက ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး သန့်ဇင်ဝေ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်သက်ဦးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သိန်းကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

မြို့နယ်(ပြန်/ဆက်)



# ပေါင်မြို့နယ်၌ ကတ္တရာထပ်ပိုးလွှာလမ်း ဖွင့်ပွဲကျင်းပ

**ပေါင် ဖေဖော်ဝါရီ ၁၁**

မွန်ပြည်နယ် ပေါင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၉၁ ဒသမ ၈ သန်းဖြင့် အလှပ်(ရွာသစ်) ကျေးရွာ ကတ္တရာထပ်ပိုးလွှာလမ်း ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါလမ်းမုခ်ဦး၌ ပြုလုပ်သည်။



ဦးစွာ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ သထုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်မှူးဒေါ်သီတာဝင်းစံက လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပေါင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က လုပ်ငန်းလွှဲပြောင်း မှတ်တမ်းလွှာကို အလှပ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသိန်းတင်အား ပေးအပ်သည်။

ထို့နောက် သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးစိုးပိုင်၊ သထုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံ၊ ပေါင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အလှပ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသိန်းတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကတ္တရာထပ်ပိုးလွှာလမ်းအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်**

❋ MNL မှ

အအောင်မြင်ဆုံးအသင်းဖြစ်လာပြီး ပြိုင်ပွဲသမိုင်းတွင် ပထမဆုံးအကြိမ် ငါးရာသီဆက် ဗိုလ်စွဲသည့်အသင်းဖြစ်လာသည်။ ထို့ပြင် ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင်လည်း ၁၉ ပွဲဆက်တိုက် ရှုံးပွဲမရှိအောင် ကစားထားနိုင်ပြီး လက်ကျန်သုံးပွဲတွင် ရှုံးပွဲမရှိအောင် ကစားနိုင်ပါက တစ်ရာသီလုံး ရှုံးပွဲမရှိဘဲ ချန်ပီယံဖြစ်သည့်အသင်းအဖြစ် ထပ်မံမှတ်တမ်းဝင်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ၂၀၂၀ ရာသီကတည်းက ရှုံးပွဲမရှိခြင်းဖြစ်ပြီး ၇၅ ပွဲအထိ ရှိလာပြီဖြစ်ကာ ယခုရာသီတွင် ရှုံးပွဲမရှိပါက နောက်ဆုံးသုံးရာသီဆက်တိုက် ရှုံးပွဲမရှိ စံချိန်ဖြင့် ဗိုလ်စွဲသည့်အသင်းအဖြစ်ပါ မှတ်တမ်းကောင်း ပိုင်ဆိုင်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် MNL အမှတ်ပေးချန်ပီယံဆုကို ၂၀၁၇ ရာသီ၊ ၂၀၁၉ ရာသီ၊ ၂၀၂၀ ရာသီ၊ ၂၀၂၂ ရာသီ၊ ၂၀၂၃ ရာသီနှင့် ၂၀၂၄-၂၀၂၅ ရာသီ (၂၀၂၁ ခုနှစ်တွင် ပြိုင်ပွဲမကျင်းပဖြစ်)တို့တွင် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားပြီး ၉ မိနစ်၊ ၄၃ မိနစ်တွင် ဘာကာယိုကို၊ ၁၇ မိနစ်တွင် ရဲရင့်အောင်၊ ၂၅ မိနစ်တွင် ဟိန်းဖြိုးဝင်းတို့က သွင်းယူပြီး ပထမပိုင်းတွင် လေးဂိုးပြတ် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပွဲကိုထိန်းချုပ်ခဲ့ပြီး ၅၅ မိနစ်တွင် ဘာကာယိုကိုက ပဉ္စမဂိုးသွင်းယူကာ ဟက်ထရစ်ရရှိခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟက်ထရစ်သွင်းယူခဲ့သည့် ဘာကာယိုကိုက ရရှိသည်။

ပွဲစဉ် (၁၉) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၉ ပွဲကစား ၁၇ ပွဲနိုင်၊ နှစ်ပွဲသရေ၊ ရှုံးပွဲမရှိ၊ ရမှတ် ၅၃ မှတ်ဖြင့် ဗိုလ်စွဲခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းက ၄၂ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ရမှတ် ၄၀၊ ဒဂုံစတားယူနိုက်တက်အသင်းက ၃၇ မှတ်၊ မဟာယူနိုက်တက်အသင်းက ၂၉ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၈ မှတ်၊ ရတနာပုံအသင်းက ၂၆ မှတ်၊ ရောဝတီယူနိုက်တက်နှင့် သစ္စာအားမာန်အသင်းက ၁၇ မှတ်စီ၊ Dagon Port အသင်းက ၁၅ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၀ မှတ်၊ မြဝတီအသင်းက ရှစ်မှတ် ရရှိထားသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-သော်ကြီး**




ရောဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဦးစီးဌာနက ဖေဖော်ဝါရီ ၁၁ ရက်တွင် ဟသ်ာတမြို့နယ် မီးသတ်ဦးစီးမှူး ဦးဉက္ကာဦးဆောင်၍ မြို့ပေါ်ရှိစက်သုံးဆီအရောင်းဆိုင်များရှိ စက်သုံးဆီသိုလှောင်ကန်များ၊ စက်သုံးဆီရောင်းချသည့်ပန့်များနှင့် အရေးပေါ်မီးငြိမ်းသတ်ရေးပစ္စည်းများ အသင့်စုဆောင်းထားရှိမှုတို့ကို လိုက်လံစစ်ဆေးကြစဉ်။ ခရိုင်(ပြန်/ဆက်)

## တိုက်ခန်းအပြီးအပိုင်ဝယ်ယူပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ မာဃလမ်း၊ အမှတ်(၄)ဟုခေါ်တွင်သော အကျယ်အဝန်း (၁၈x၅၀)ပေရှိ စတုတ္ထထပ် (၅-လွှာ) တိုက်သို့မျက်နှာမူ ဘယ်ဘက်ခြမ်း ရေမီးစုံ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးစည်သူရှိန်း [၁၃/တကန(နိုင်)၃၆၄၇၃၃]က ကန်ထရိုက်တာဦးဇော်မင်းနိုင်[၁၂/သဃက(နိုင်) ၁၃၉၂၃၅]ထံမှ (၁၀-၂-၂၀၂၅)နေ့တွင် **“နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် ကတိစာချုပ်”** ချုပ်ဆိုကာ ငွေအပြေအကျေပေးချေပြီး အပြီးအပိုင်ဝယ်ယူလက်ရောက်ရရှိခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစည်သူရှိန်း၏လွှဲအပ်ညွှန်ကြားချက်အရ**
